# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၇)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၇**

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့၌ ကျရောက်သော တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ဆာပါမူရက်(ဒ်) အေ၊ နီရာဇော့(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၇**

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့၌ ကျရောက်သော တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ဆာပါမူရက်(ဒ်) အေ၊ နီရာဇော့(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်နှင့်တိုင်းရင်းသားအဖွဲ့ အစည်းများ၏ စည်းလုံးညီညွတ်မှုရလဒ်သာဓကအဖြစ် ထိန်ချိုး-ဝိုင်းမော်-မြစ်ကြီးနားကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်တော့မည် လမ်းမကြီးဖောက်လုပ်ပြီးစီးပါက တရုတ်-မြန်မာ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းလာမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

ထိန်ချိုး-မြစ်ကြီးနားကားလမ်း၊ တရုတ်-မြန်မာ နယ်နိမိတ်ကျောက်တိုင်အမှတ်(၄)မှ ဝိုင်းမော်မြို့နယ် ဝါးရှောင်ကျေးရွာအထိ ကျောက်ခင်းကားလမ်း စတင်ဖောက်လုပ်ခြင်း အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် ကန်ပိုင်တည်ဒေသရှိ အဆိုပါလမ်းသစ်ဖောက်လုပ်မည့်နေရာ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(လမ်း) ဦးမောင်မောင်၊ ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူး ဦးဇော်မင်းအောင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကချင်အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးဇခုန်တိန့်ယိန်းနှင့် အဖွဲ့ဝင်များ၊ ကချင်အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင် ဦးဇောင်းခရားနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ ယူနန်ပြည်နယ် အလုပ်သမားအသင်း ဥက္ကဋ္ဌ မစ္စတာကျန်းပါးချိဆိုင်နှင့် တာဝန်ရှိသူများ၊ ပေါက်ဆန်းမြို့ ပြည်ပချစ်ကြည်ရေးအသင်းမှ မစ္စတာဟွန်ရီနှင့် တာဝန်ရှိသူများ၊ ထိန်ချိုးခရိုင် ပြည်ပချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာဝမ်ဆိုင်ချွင်း၊ ထိန်ချိုးခရိုင် ပြည်သူ့အစိုးရခရိုင်ဝန် မစ္စတာကျန်းဝေကျင့်နှင့် တာဝန်ရှိသူများ၊ ထိန်ချိုး-မြစ်ကြီးနားကားလမ်း ဖောက်လုပ်ရေးအဖွဲ့ကိုယ်စားလှယ် မစ္စတာကျောက်ရှင်းလုံနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●




၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသရောင်းချမည့် အခြေခံဈေး ယူရိုငွေ ၁၈၁၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းတွဲကို တွေ့ရစဉ်။ (သတင်းစဉ်)

## နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားရှိမှု သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့သွားရောက်၍ ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအကြို ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ■

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

# နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် သစ္စာရှိရှိ၊ အသိတရားရှိရှိဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားရေး မူဝါဒများကို ချမှတ်ကာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ကာကွယ်စောင့်ရှောက် ပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်စောင့်ရှောက်ရာတွင် အမျိုးသားရေးမူဝါဒများကို ထိခိုက်နစ်နာစေမည့် အခြေအနေ အချိန်အခါတိုင်း နိုင်ငံတော်၏မျက်နှာကိုသာကြည့်ပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့သည်ချည်းသာ ဖြစ်သည်။ မည်သူမျှ ဥပဒေ၏ အထက်တွင်မရှိ၊ ကင်းလွတ်ခွင့်မရှိ၊ ပြည်သူများအပေါ် မောက်မာစွာဆက်ဆံခြင်း၊ အနိုင်အထက်ပြုကျင့်ခြင်းများ အပါအဝင် ဥပဒေနှင့်မညီညွတ်သော၊ ဥပဒေကို ဆန့်ကျင်ချိုးဖောက်သော ဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်သည့်အခါတိုင်း တပ်မတော်သည် တိကျထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့ကြောင်း တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် အောက်တိုဘာလ ၂၄ ရက်က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသည့် ယနေ့နိုင်ငံတော်၌ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရှင်းလင်း ပြောကြားရာ၌–

**"အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင်လည်း နိုင်ငံတော်ကြီး၏ အကျိုးစီးပွား၊ တိုင်းရင်းသား အားလုံး၏အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့် သွက်သွက်လက်လက် ထိထိရောက်ရောက် မှန်မှန်ကန်ကန်ထမ်းဆောင်နိုင်သည့် အစိုးရယန္တရားဖြစ်စေရေး၊ ကျင့်ဝတ်သိက္ခာချိုးဖောက်မှု၊ ဖောက်လွဲ ဖောက်ပြန်မှုနှင့် လာဘ်ပေးလာဘ်ယူမှု စသည့် ပြည်သူ့အပေါ် ဖိစီးနှိပ်စက်မှုများ မကျူးလွန်သည့် သန့်ရှင်းထက်မြက်သော အစိုးရယန္တရားဖြစ်စေရေးကို မျက်ခြည်မပြတ် ဦးတည်အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း"**

ရှင်းလင်းပြောကြားသွားသည်။

နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား မှန်ကန်သွက်လက် ထက်မြက်နေမှသာ ပြည်သူအားလုံးသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အေးချမ်းလုံခြုံစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးသည်လည်း ဘက်စုံကဏ္ဍစုံ ပို၍ပို၍ တောင့်တင်းခိုင်မာလာမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပုဂ္ဂိုလ်ရေးအရ စောင့်ရှောက်ကာကွယ်မှုကိုမကြည့်ဘဲ မူဝါဒအရ၊ ဥပဒေစည်းမျဉ်း စည်းကမ်းများအရ ပြည်သူများ၏ ကောင်းစားရေးကို ကျေးလက်မြို့ပြ မခွဲခြားဘဲ ကာကွယ်စောင့်ရှောက် ပေးလျက် ရှိသည်။

နိုင်ငံတော် ဝန်ထမ်းအဖွဲ့အစည်းများကလည်း မှန်မှန်ကန်ကန်၊ ရိုးရိုးသားသား၊ စည်းကမ်းရှိရှိ၊ အားကြိုးမာန်တက် အလုပ်လုပ်ပြီး ပြည်သူများကလည်း မိမိတို့၏လုပ်ငန်းများကို ကျေကျေပွန်ပွန် စည်းကမ်းရှိရှိ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်ဆောင်ရွက်ကြလျှင် နိုင်ငံတော်ကြီးသည် ယခုထက် ပိုမို၍ အရှိန်အဟုန်ရှိရှိ တိုးတက်ဖွံ့ဖြိုးလာမည်မှာ မလွဲဧကန်ပင် ဖြစ်သည်။

နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံတော်၏အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့် သွက်သွက်လက်လက် ထိရောက်မှန်ကန်စွာ ထမ်းဆောင်နိုင်သည့် အစိုးရယန္တရားဖြစ်စေရေးအတွက် နိုင်ငံတော်က ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက် သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ထာဝရကာကွယ်စောင့်ရှောက်ပေးသော အုပ်ချုပ်ရေးယန္တရားဖြစ်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းအားလုံးက နိုင်ငံတော်အပေါ် သစ္စာရှိရှိ အသိတရားရှိရှိဖြင့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၇–၁၀–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Winds (ပထမနှစ် ပထဝီဝင်အထူးပြု)
- ၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း–၁၁)
- ၈း၀၀ ၁၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း–၁၈)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



မင်္ဂလာတောင်ညွန့်မြို့နယ် ၁၁၄ လမ်း အသီတိကျောင်းတိုက် ကျေးဇူးတော်ရှင် သာသနဓဇမဟာ စရိယ ဒုတိယနာယကဆရာတော် ဦးသောဘဏ(သက်တော်၇၇၊ဝါတော် ၅၈)အားရည်စူး၍ဆရာတော်ဦးမာ ဃ၊ ဦးတေဇနိယ၊ ညီ–ဦးသြဘာသ နှင့် ဦးဝိမလတို့အား အမှူးထားပြီး ညီအစ်ကိုမောင်နှမများများက ဇီဝိတ ဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ်တစ် သိန်းကို အောက်တိုဘာ ၁၃ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံယူစဉ်။ (က–ပ)

## ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး ဖြစ်မြောက်ရေး အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၆**



ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကော်မတီရုံးခန်း (ဗဟို) ဖွင့်လှစ်ထားသည့် အမှတ် ၄၉/၅၁ ဗဟန်းလမ်းသို့ အလှူရှင်များ လာရောက်လှူဒါန်းလျက်ရှိရာ ဦးသိန်းကြွယ်၊ဒေါက်တာဒေါ်ခင်စောနွဲ့၊သမီး–သွဲ့နှင်းကြွယ်၊ လဲ့ဝင်းကြွယ်၊သား–ဘုန်းမြတ်ကြွယ်မိသားစု၊မန္တလေး မြို့က ကျပ်ငါးသိန်း**(ယာပုံ)**၊ဦးသန်းလွင်–ဒေါ်အေးအေးသစ်သားသမီးများ၊ မြေးများ အေးရိပ်မွန် လှိုင်က ငွေကျပ် ၂၁၀၀၃၀၊ ဦးမြတ်မင်း – ဒေါ်စောမြိုင်၊ သား–မောင်စောမင်းနိုင် လှည်းတန်း ကမာရွတ်မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဖခင်ဦးပိန်–မိခင်ဒေါ်ခင်တင့်တို့အား ရည်စူး၍ သမီး–ဒေါ်သောင်းရီ၊ ဒေါ်မြခင်မော်နှင့် တူ တူမများ မင်္ဂလာတောင်ညွန့်က ငွေကျပ် တစ်သိန်းနှစ်သောင်း၊ ကိုတင်အောင်ဆွေအား ရည်စူး၍ ဦးချစ်ဆွေ (လ/ထညွှန်မှူး) အကောက်ခွန်ဦးစီးဌာန–ဒေါ်တင်တင်ဝင်းနှင့် ညီမ မမာလာဆွေ(သုခဆောက်လုပ်ရေး) တောင်ဥက္ကလာပ၊ ဦးမောင်စိန်–ဒေါ်ကျင်ယုံမိသားစု လသာမြို့နယ်၊ ဦးတိုးအောင်–ဒေါ်လှလှဝင်း၊ သား–ထွန်းနိုင်ဖြိုး၊ မောင်ကျော်ဇင်မိသားစု လမ်းမတော်မြို့နယ်၊ ဦးစိုးမိုးခိုင်–ဒေါ်ညိုညိုဝင်း၊ သား–ကျော်ထက်ဦး၊ ကျော်သက်ဦး၊ သမီး–သီရိမေသူမိသားစု တာမွေမြို့နယ်၊ ဒေါ်ရိမ်းရည်မိသားစု ခုနစ်မိုင် မရမ်းကုန်း၊ ဦးမြင့်ဟန်–ဒေါ်ခင်မြင့်မြင့်ဆွေ သားသမီးနှစ်ယောက်နှင့် မြေးများက ငွေကျပ်တစ်သိန်းစီ၊ မမေသန်းကြွယ် မြောက်ဒဂုံ၊ ဦးအေးကိုကို၊ ဒေါ်ဥမ္မာညွန့်(၃၉နှစ်ပြည့်မွေးနေ့အလှူ)၊ ဆရာတော်ဦးဥတ္တမသာရ၏ မွေးနေ့ အလှူအတွက် အရဏ်ဦးစာပေ တာမွေမြို့နယ်တို့က FEC ၁၀၀စီ၊ မခင်မျိုးတင့် မဟာဝိဇယစေတီက ငွေကျပ်ကိုးသောင်း၊ ကိုမောင်မောင်ဝင်း၊ မယုယုမွန်(ဒုတိယအကြိမ်) ယုဇနပလာဇာ မင်္ဂလာ တောင်ညွန့်က FEC ၅၅၊ ဆရာမကြီး ဒေါ်တင်ဦးရည်နှင့် ဆရာမများ၊ ကျောင်းသူများ အထက (၄)တာမွေနှင့် ဦးစိန်အောင်–ဒေါ်မာလာဝင်း သားသမီးမြေးများ တာမွေမြို့နယ်တို့က ငွေကျပ်ငါးသောင်းစီ၊ ကွယ်လွန်သူဖခင် ဦးကြည်အားရည်စူး၍ ဦးဆန်နီ–ဒေါ်ခင်ဌေး၊ သားကြီး–မင်းသုဝဏ်၊ သားငယ်–ဉာဏ်လင်းဖြိုး တိုက်(၄)၊ ဈေးလမ်း၊ ကမာရွတ်က ငွေကျပ် လေးသောင်း တစ်ထောင့်ငါးရာ၊ ဦးညွန့်ဝေ–ဒေါ်ညွန့်ညွန့်ကျော် တောင်ဥက္ကလာပမိသားစု၊ ဦးတင့်တယ်–ဒေါ်ထားရီ သား–ကိုယုနီနှင့် ဒေါ်အေးအေးမြင့်ဗဟန်းမိသားစုနှင့် ဦးသန်းမြင့်–ဒေါ်လှသန်းမိသားစု ကမ္ဘောဇလမ်းသွယ် ဗဟန်းတို့က ငွေကျပ်သုံးထောင်စီ၊ ကွယ်လွန်သူမိဘများအား ရည်စူး၍ ဒေါ်မြင့်မြင့်၊ ဒေါ်လဲ့လဲ့သန်း မွေးနေ့အလှူ ကြည့်မြင်တိုင်၊ ဦးမြတ်သူမိသားစု အလုံ၊ ဦးဇော်တင့်လွင်–ဒေါ်ခင်နှင်းခိုင် သား–ဇေယျာတင့်လွင်၊ သမီး–မြတ်မြတ်ဆုထိုက်မိသားစု အင်းစိန်လမ်းမ၊ ဒေါ်လေးငယ်မိသားစု သန်လျင်တို့က ငွေကျပ်နှစ်သောင်းစီ၊ ကျန်အလှူရှင်များအပါအဝင် ငွေကျပ် နှစ်ဆယ့်ရှစ်သိန်း သုံးသောင်း တစ်ထောင့် နှစ်ရာနှင့် FEC 367 တို့ကို အသီးသီး လှူဒါန်းခဲ့ကြသည်။ အလှူရှင်များအနေဖြင့် ဖုန်း–၀၉–၈၀–၃၂၆၉၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သဇင်ရေကျော် အရှင်ပဏ္ဍာဝံသ၏ ဓမ္မဒူတခရီးစဉ်

**ရန်ကုန် အောက်တိုဘာ ၂၆**

မြောက်ဥက္ကလာပမြို့နယ် ၂ရပ်ကွက် သဇင်ရေကျော် မိုးကုတ် ဓမ္မရိပ်သာ(အဖွဲ့ခွဲ–၁၂၄)မှ မိုးကုတ် နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူကြသော အရှင်ပဏ္ဍာဝံသ၊ အရှင်ကောသလ္လ အရှင်သူမြတ်တို့က သီတင်းကျွတ် လပြည့်ကျော် ၂ရက်မှ ၈ရက်အထိ ကျိုက်လတ်မြို့နယ် ကံချောင်ရွာ၌ လည်းကောင်း၊ ၁၀ရက်မှ၁၄ရက်အထိ ကျိုက်လတ်မြို့နယ် ကညင်ကုန်းရွာ၌ လည်းကောင်း၊ တန်ဆောင်မုန်း လဆန်း၁ရက်မှ၅ရက်အထိ ဒေးဒရဲမြို့ နယ် အဝပြန်ရွာ၌လည်းကောင်း၊ ၁၂ရက်မှ ၁၄ရက်အထိ ကျိုက်လတ်မြို့ နယ် ရပ်တော်မူဘုရားဓမ္မာရုံ၌လည်း ကောင်း ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း ပဋိစ္စသမုပ္ပါဒ်နှင့် ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

### ● ရွှေ့ဖုံးမှ

ရေးဦးစွာ ကချင်အထူးဒေသ (၁) မှ တိုင်းရင်းသား ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်းက လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခြင်းအတွက် ဝမ်းမြောက်ကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

### ရေရှည်တည်တံ့ရေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကား ပြောကြားရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များ စနစ်တကျချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နယ်စပ်ဒေသများပါမကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ဒေသအလိုက် ဖွံ့ဖြိုးရေးအတွက် အထူးဖွံ့ဖြိုးရေးဇုန်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် မြစ်ကြီးနားဒေသသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံဆက်သွယ်ထားသည့် လမ်းမကြီး အောင်မြင်စွာ စတင်ဖောက်လုပ်နိုင်ခြင်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နိုင်ငံတော်နှင့် ပြည်ထောင်စုတိုင်းရင်းသား အဖွဲ့အစည်းများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် သာဓကတစ်ရပ်ပင်ဖြစ်ကြောင်း၊ လမ်းမကြီးဖောက်လုပ်ပြီးစီးပါက တရုတ်-မြန်မာ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေရုံသာမက နယ်စပ်ဒေသရှိ ပြည်ထောင်စုတိုင်းရင်းသားများ၏ အကျိုးစီးပွား ရလဒ်ကောင်းများ မလွဲမသွေ ရရှိလာမည်ဖြစ်ကြောင်း၊ ကချင်အထူးဒေသ(၂)၏ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် လိုင်ဇာ-မြစ်ကြီးနား ကားလမ်းအပိုင်း ဆက်သွယ် သွားလာမှု ပိုမိုကောင်းမွန်လာသကဲ့သို့ ယခု ကချင် အထူးဒေသ(၁)၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ထိန်ချိုး-ဝိုင်းမော်-မြစ်ကြီးနားကားလမ်းမကြီး ပိုမိုကောင်းမွန်စွာဖြင့် ဆက်သွယ်လာနိုင်တော့မည်ဖြစ်ရာ တာဝန်ယူလမ်းဖောက်လုပ်မည့်သူများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးနှင့်အညီ ရေရှည်တည်တံ့ ခိုင်မြဲမှုရှိအောင် စနစ်တကျ ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ ပြည်နယ်အလုပ်သမားအသင်းဥက္ကဋ္ဌ မစ္စတာကျန်းပါးချိဆိုင်၊ ပေါက်ဆန်းမြို့ ပြည်ပချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာဟွန်ရီနှင့် ထိန်ချုံးပြည်ပချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာဝမ်ဆိုင်ချွင်းတို့က အမှာစကား အသီးသီးပြောကြားကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(လမ်း) ဦးမောင်မောင်က လမ်းဖောက်လုပ်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### ဂုဏ်ပြုအမှာစကားပြောကြား

ဆက်လက်၍ ကချင်အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင် ဦးဇခေါင်းခရားနှင့် ထိန်ချုံး-မြစ်ကြီးနား ကားလမ်းဖောက်လုပ်ရေး ကိုယ်စားလှယ် မစ္စတာကျောက်ရှင်းလုံတို့က လမ်းဖောက်လုပ်ခြင်းအတွက် ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

### အမှတ်တရလက်ဆောင်ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ မစ္စတာကျန်းပါးချိဆိုင်၊ ထိန်ချုံးခရိုင်ဝန် မစ္စတာ ကျန်းဝေကျင့်နှင့် အဖွဲ့ဝင်များက နှစ်နိုင်ငံ အမှတ်တရ လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြစ်ကြီးနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ၊ ကချင်အထူးဒေသ(၁)မှ ဦးဇခုန်တိန့်ယိန်း၊ ကချင် အထူးဒေသ(၂)မှ ဦးဇခေါင်းခရား၊ ယူနန်ပြည်နယ်ပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ မစ္စတာကျန်းပါးချိဆိုင်၊ ပေါက်ဆန်းမြို့ ပြည်ပချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာဟွန်ရီ၊ ပေါက်ဆန်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာရန်ချိုင်ကျန်း၊ ထိန်ချုံးခရိုင် ပြည်ပချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာဝမ်ဆိုင်ချွင်း၊ ထိန်ချုံးခရိုင်ဝန် မစ္စတာ ကျန်းဝေကျင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၄ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

### ■ နှစ်လယ်မှ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီကား အရောင်းဆိုင်များကိုလည်းကောင်း၊ ခန်းမဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက် အရိုင်းတုံးများနှင့် အထည်ကျောက် အရိုင်းတုံးများကိုလည်းကောင်း၊ ခန်းမအပေါ်ထပ်ရှိ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအတွဲများနှင့် ပုလဲရတနာအတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ၂၀၀၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ညနေ၃နာရီခွဲတွင် ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

### တင်ပြဆွေးနွေး

အစည်းအဝေးတွင် ဗဟိုကော်မတီဝင်များနှင့် ဆပ်ကော်မတီများ ဖြစ်ကြသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ စီမံရေးရာ၊ လုံခြုံရေးနှင့် ပြန်ကြားရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ၂၀၀၄ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအသီးသီးက စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ၂၀၀၄ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျင်းပခဲ့ပြီးသော ကျောက်မျက်ရတနာပြပွဲများ၏ အတွေ့အကြုံများအပေါ် အခြေခံ၍ ယခုကျင်းပမည့် ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်အောင်မြင်မြင် ခင်းကျင်းပြသရောင်းချနိုင်အောင် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရ၏စေတနာမှန်ကိုသိမြင်၊ တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ

# လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

**ရန်ကုန် အောက်တိုဘာ ၂၆**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့လိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၄ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ပီပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဆေးမှူးအဆင့်ရှိ မောင်လှသည် ဝင်ချက်စတာသေနတ်တစ်လက်၊ ၎င်းကျည်ငါးတောင့်တို့ဖြင့်လည်းကောင်း၊ အယ်လ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၁)၊ ခွဲ(၂)မှ တပ်ခွဲမှူးအဆင့်ရှိ ကျနော၊ ဒုတိယတပ်ခွဲမှူးအဆင့်ရှိ ယားခ၊ တပ်သားတာစီ၊ ပေါနဲ့၊ လောန၊ ပီတို့၊ ခါကြူနှင့် ကျနူးတို့သည် ပစ္စတိုနှစ်လက်၊ ကာဘိုင်တစ်လက်၊ တစ်လုံးထိုးသေနတ်တစ်လက်၊ အမ်-၂၂ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်မျိုးစုံလေးခု၊ ကျည်မျိုးစုံ ၄၃တောင့်တို့ဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ (၄)၊ ရင်း(၁၀)မှ ဒုဗိုလ်အဆင့်ရှိ ဖိုးလော့နှင့် ဇနီး နော်ဘူကေး၊ သား စောကွယ်မူးနှင့် စောလေနံ့၊ သမီး နော်သေးသေးနှင့် နော်ဘယ်ကလယ်မူးတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ကိုးတောင့်တို့ဖြင့်လည်းကောင်း၊ တပ်ကြပ်အဆင့်ရှိ အောင်စိုးသည် လက်ပစ်ဗုံးနှစ်လုံးဖြင့် လည်းကောင်း၊ ရင်း(၁၁)မှ နယ်မြေခံရွာသားအား ရေသည်လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ဇိုမီးတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ထန်စကပ်နှင့် ဇနီးမကျင်လျန်ဝုန်း၊ သားခိုင်ထန်းလန်၊ တပ်သား ဒါးငိုက်ထန်းနှင့် ဆုံကပ်ခိုင်တို့သည်လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ သံတောင်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဖဒိုစောတော်ဟောနှင့် ဇနီးနော်ကီးဘီတို့သည်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဗဟိုကော်မတီဝင် ဆလိုင်းဟုန်းမောင် (ခ)ရွှေငယ်သည်လည်းကောင်း၊ ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၁)မှ ကျေးနယ်ဥက္ကဋ္ဌ အေးမောင်သည် လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၆၇၈)မှ တပ်သားအာကာနှင့် အိုက်မွန် တို့သည်လည်းကောင်း၊ တပ်သား မာလုသည် ပွိုင့်(၃၈)သေနတ်တစ်လက်၊ အမ်-၂၂မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ဝင်ချက်စတာသေနတ်နှစ်လက်၊ ကျည်အိမ်မျိုးစုံနှစ်ခု၊ ကျည်မျိုးစုံ ၄၅တောင့်၊ လမ်းလျှောက်စကားပြောစက်တစ်လုံးတို့ဖြင့်လည်းကောင်း အသီးသီးလက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါရက်များအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ ၂၈ဦးတို့အား သက်ဆိုင်ရာတပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာကြိုဆိုခဲ့ကြပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန်ရှိနေသေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆိုကရေး တီးပြိုင်ပွဲကြီး

**(တျာချင်း)**

❒ မဟာဂီတ၊ ဓမ္မပူဇာ
ခေတ်ဟောင်းတေးမှ၊ ကာလပေါ်တစ်ဖြာ
အဆိုဘာသာ၊ ပညာပြိုင်ပွဲ
ရိုးရာမပျက်၊ ထိန်းသိမ်းလျက်
မျိုးဆက်ဆင့်ကာ နွဲသည်နှင့်လေး။

❒ ဇာတ်သဘင်ပွဲ၊ ကြိုးဆွဲရုပ်စုံတစ်လီ
ခေါင်းခါးခြေလက်၊ နုညက်ကဟန်ချီ
မြန်မာပီပီ၊ စံမီအက
ရိုးရာမမေ့၊ တို့ဓလေ့
မျိုးစေ့ဆက်ကာ ချသည်နှင့်လေး။

❒ ကာရန်လှပ၊ ဖွဲ့ကြတေးချင်းတွေ
နဘေသံထပ်၊ ကြားညှပ်စကားပြေ
သံစဉ်ရှာဖွေ၊ သင်္ကေတမှတ်သား
နရီဝါးလပ်၊ စည်းစုံညှပ်
သံစပ်လွှန်ခံ့ညားသည်နှင့်လေး။

❒ ဆိုင်းပတ္တလား၊ စန္ဒရားမယ်ဒလင်
အိုးစည်ဒိုးပတ်၊ တီးခတ်သံရှင်ရှင်
စောင်းနှင့်နဲ့လျှင်၊ နွဲ့ချင်တယော
ဒုံမင်းဂီတာ၊ ယှဉ်ပြိုင်ကာ
သာယာလွှန်တင့်မောသည်နှင့်လေး။

❒ ကြည့်ရှင်အံ့သြ၊ မနောအေးမြ
ဆိုကရေးတီး ရိုးရာဟန်သဘင်။ ။
ပြည်ခွင်ပြန့်ပြော၊ အဟောဝတ
ချိုမြတေးကဗျာ သံလွင်လွင်။ ။

**မောင်ရွှေနွယ် (အင်းလေး)**

## ကျေးလက်နေပြည်သူများအတွက် ဒို့ကျေးရွာဂျာနယ်

**ရန်ကုန် အောက်တိုဘာ ၂၆**



ကျေးလက်နေပြည်သူများကို တိုက်ရိုက်အကျိုးပြုမည့် 'ဒို့ကျေးရွာ' ဂျာနယ် အတွဲ(၁)၊ အမှတ်(၁)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ ဂျာနယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာပေးဆောင်းပါးများ၊ ကျေးလက်စကားဝိုင်း၊ ဒို့ကျေးရွာအမေးအဖြေကဏ္ဍ၊ လယ်ယာကုန်ဈေးနှုန်းသတင်းများ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ၊ ဟာသ၊ ရုပ်ရှင်၊ ဗေဒင် စသည့် စိတ်ဝင်စားဖွယ်ရာ သုတ ရသ စုံလင်စွာဖြင့် ဝေဆာစွာ ထည့်သွင်း ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်နှင့် ဆက်သွယ်ရန်လိပ်စာမှာ ဒို့ကျေးရွာဂျာနယ် စာတည်းအဖွဲ့ အမှတ်၃၀/၃၂ ၁၀လမ်း အထက်ဘလောက် လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၅၂ နှင့် ၀၁-၃၇၉၇၆၈ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကန်တပ်ဖွဲ့ဝင်များသေဆုံးဒဏ်ရာရမှုကို အလေးထားသည့်နည်းတူ

# အီရတ်ပြည်သူများ သေဆုံးမှုကိုလည်း အလေးမူသင့်

ပေကျင်း အောက်တိုဘာ ၂၅

**အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော စစ်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်ချင်းအလေးထားရေတွက်နေသည့်နည်းတူ အပြစ်မဲ့သော အီရတ်ပြည်သူများ၏သေဆုံးမှု မြင့်တက်လာသည်ကိုလည်း သာတူညီမျှစွာဖြင့် အလေးမူထုတ်ပြန်သင့်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော တရုတ်သတင်းစာ ချိုင်းနားဒေလီက ကြာသပတေးနေ့တွင် ဖော်ပြသည်။**

အီရတ်နှင့် အမေရိကန်နှစ်ဦးနှစ်ဖက်စလုံး၏ အသက်များသည် အပြစ်ကင်းစင်ကြောင်း သတင်းစာက ထောက်ပြသည်။

**ဖော်ပြ**

အောက်တိုဘာ ၁၁ရက်မှ ၁၇ရက်အတွင်း စစ်ပွဲနှင့်နီးနွယ်သော ဖြစ်ရပ်များတွင် ပျမ်းမျှ အီရတ်ပြည်သူ ၂၀၈ဦးသေဆုံးခဲ့ကြောင်း နယူးယောက်တိုင်းမ်း၏ စာရင်းရလဒ်အပေါ်ကိုးကား၍ သတင်းစာက ဖော်ပြသည်။

စာရင်းမှာ မတိကျမရေရာမှုများ ကျန်ရှိနေသေးကြောင်း၊ စစ်ပွဲအတွင်းနှင့် စစ်ပွဲပြီးဆုံးပြီးနောက် အီရတ်ပြည်သူ အသက်များ ဆုံးရှုံးမှုကိုထုတ်ပြန်ခြင်း မရှိကြောင်း သတင်းစာက ဖော်ပြသည်။

**ရပ်ဆိုင်းခဲ့**

အထူးသဖြင့် အရပ်သားများဖြစ်သော အီရတ်တို့ သေဆုံးမှုသည် သတိထားရသည့် ခေါင်းစဉ်တစ်ရပ်ဖြစ်လာပြီး သတင်းထောက်များအား သေဆုံးဒဏ်ရာရရှိမှု ကိန်းဂဏန်းများကို ပုံမှန်ထုတ်ပြန်နေသော အမေရိကန် ကျန်းမာရေးဝန်ကြီးဌာနသည် ယခုလစောစောပိုင်းက လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရကြောင်း သတင်းစာက ဖော်ပြသည်။

အဆိုပါကိန်းဂဏန်းများသည် အမေရိကန်အစိုးရကဲ့သို့ အမေရိကန်ပြည်သူများကိုလည်း ကသိကအောက် ဖြစ်စေကြောင်း သတင်းစာက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**တိုက်ခိုက်ရန်ပြင်ဆင်**

အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် ပြင်ဆင်နေသော အီရတ်လက်နက်ကိုင် ခုခံရေးသမားများကို ဘာကူဘာမြို့ပြင်၌ အောက်တိုဘာ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်ရှိ ကုလဝန်ထမ်းများအတွက် လုံခြုံရေးအကူအညီ ဖီဂျီပေးမည်

ကုလသမဂ္ဂ အောက်တိုဘာ ၂၅

**အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ ထိပ်တန်းအရာရှိများအတွက် လုံခြုံရေးဆိုင်ရာ အကာအကွယ်ပေးရေးပံ့ပိုးကူညီရန် ဖီဂျီနိုင်ငံက သဘောတူခဲ့ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးက မကြာမီရက်အတွင်းက ထုတ်ဖော်ပြောကြားသည်။**

**သဘောတူ**

**အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် တာဝန်ထမ်းဆောင်မည့် ကုလသမဂ္ဂဝန်ထမ်းများအတွက် လုံခြုံရေးအစောင့်တပ်ဖွဲ့တစ်ခုကို အကူအညီပေးရန်လည်း ဖီဂျီ အစိုးရက သဘောတူခဲ့ကြောင်း နယူးယောက်မြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သည့် မာရီအိုကာဘေက ပြောကြားသည်။**

**ဖီဂျီနိုင်ငံမှ လုံခြုံရေးအကူအညီပေးမည့်အဖွဲ့သို့ လိုအပ်သောအသုံးအဆောင်ပစ္စည်းများ ကူညီပံ့ပိုးဖြည့်ဆည်းပေးမည်ဟု သြစတြေးလျနိုင်ငံကလည်း အတည်ပြုပြောကြားကြောင်း အဆိုပါကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အရေးပါသော ကူညီမှုများအတွက် ယင်းနှစ်နိုင်ငံအား ကျေးဇူးတင်ကြောင်းလည်း အဆိုပါပုဂ္ဂိုလ်က ပြောကြားလိုက်ပြီး ထိုကဲ့သို့ဆောင်ရွက်ပေးခြင်းဖြင့် အီရတ်နိုင်ငံတွင် ကုလသမဂ္ဂဝန်ထမ်းများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အားတက်သရော လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။**

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း

## နိုင်ငံတကာ သတင်းများ

# အောက်တိုဘာ ၂၅ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၀၆ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၂၆

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက် ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

အောက်တိုဘာ ၂၅ရက် တနင်္လာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၀၆ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာယင်းအနက် ၈၄၉ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၅၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ဦး၊ အီတလီ ၁၉ဦး၊စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

**သေဆုံး**

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီးအီရတ်၌ သေဆုံးခဲ့သော အမေရိကန် တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၆၈ဦး ဖြစ်ပြီး ယင်းအနက် ၇၃၆ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၂၂၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

## ကယ်ရီအပေါ် လူကြိုက်များနေ

**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ် ၄၈ခုတွင် ရှိသော တက္ကသိုလ်နှင့်ကောလိပ် ၂၁၀မှ ကျောင်းသူ ကျောင်းသားများ၏ သဘောထားဆန္ဒကို အောက်တိုဘာ ၇ ရက်မှ ၁၃ရက်ထိ ကောက်ယူ ကြည့်ခဲ့ရာ၌ ဒီမိုကရက်တစ် သမ္မတလောင်း ဂျွန်ကယ်ရီသည် သမ္မတဂျော့ဒဗလျူဘုရှ်ထက် လူကြိုက်များခဲ့ကြောင်း တွေ့ရသည်ဟု လော့စ်အိန်ဂျလိစ်တိုင်းမ်က သောကြာနေ့တွင် သတင်းဖော်ပြခဲ့သည်။

အီရတ်စစ်ပွဲနှင့် မရေရာသော စီးပွားရေးအပေါ် တက္ကသိုလ်နှင့် ကောလိပ် ၂၁၀မှ ကျောင်းသူ ကျောင်းသား ၁၂၀၂ ဦး၏ သဘောထားဆန္ဒကို ကောက်ယူကြည့်ခဲ့ရာ၌ ကယ်ရီက ၅၂ ရာခိုင်နှုန်း ရရှိပြီး၊ ဘုရှ်က ၃၉ရာခိုင်နှုန်းသာရရှိခဲ့ရာ ကယ်ရီသည် ဘုရှ်ကို ၁၃ ရာခိုင်နှုန်း ပြတ်ပြီး အသာရခဲ့သည်ဟု ဟားဗတ်တက္ကသိုလ်က ကြာသပတေးနေ့၌ ထုတ်ပြန်ခဲ့သည့် သဘောထားဆန္ဒကောက်ယူချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဖော်လူဂျာကို ကန်တို့လေကြောင်းမှ မဆင်မခြင် ပစ်ခတ်တိုက်ခိုက် အပြစ်မဲ့ အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိ

ဖော်လူဂျာ အောက်တိုဘာ ၂၄

**ဖော်လူဂျာမြို့ရှိ အီရတ်ခေါင်းဆောင် အဘူမူဆတ်အယ်လ်ဇာကာဝီ ဦးဆောင်သော ခုခံတိုက်ခိုက်ရေးသမားများကို အမေရိကန်စစ်လေယာဉ်များက တိုက်ခိုက်ရာတွင် အပြစ်မဲ့မိသားစုခြောက်ဦး သေဆုံးသွားပြီး ဒဏ်ရာရရှိသူများလည်း ဖြစ်ပေါ်ခဲ့သည်။**

တစ်ချိန်တည်းတွင် နိုင်ငံတကာဆိုင်ရာ အထောက်အကူအေဂျင်စီတစ်ခုသည် ယင်း၏ အုပ်ချုပ်ရေးမှူး ပြန်ပေးဆွဲခြင်းခံခဲ့ရပြီးနောက် အီရတ်၌ ဆောင်ရွက်နေသော လုပ်ငန်းများကို ရပ်ဆိုင်းခဲ့သည်။

**မျက်မြင်တွေ့ရှိ**

အမေရိကန် စစ်လေယာဉ်များက ဗုဒ္ဓဟူးနေ့တွင် ဘဂ္ဂဒက်အနောက်ဘက် မိုင် ၃၀ခန့်ရှိ ဖော်လူဂျာမြို့တွင် အိမ်တစ်လုံးကို တိုက်ခိုက်ခဲ့ရာတွင် သေဆုံးသွားသော အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ယောကျ်ားလေးနှစ်ဦး၊ မိန်းကလေးနှစ်ဦးတို့ကို အပျက်အစီးများထဲမှ ဆွဲထုတ်ယူခဲ့ရသည်ကို ရိုက်တာ သတင်းထောက်တစ်ဦးက မျက်မြင်တွေ့ရှိခဲ့သည်။

မိသားစုခြောက်ဦး သေဆုံးသည်ဆိုခြင်းမှာ မဟုတ်ကြောင်း အမေရိကန်စစ်ဘက်ကငြင်းဆိုပြီး ခုခံတိုက်ခိုက်ရေးသမားတို့ အသုံးချသော ခိုအောင်းရာအိမ်များကိုသာ လေကြောင်းမှ လေးကြိမ်တိုက်ခိုက်ခဲ့ကြောင်း ပြောကြားသည်။

**သတင်းများပေး**

မိသားစုခြောက်ဦး သေဆုံးခဲ့ကြောင်း ဇာကာဝီက လူထုဆက်သွယ်ရေးကို သတင်းများပေးခဲ့ခြင်းဖြစ်သည်ဟု ထောက်လှမ်းရေးသတင်းရပ်ကွက်များက ပြောကြားသည်။

ယခုကဲ့သို့ မိသားစုခြောက်ဦးအား သေဆုံးစေခြင်းသည် ဖော်လူဂျာမြို့လူထုကို အီရတ်ကြားဖြတ်ဝန်ကြီးချုပ် အီယာ့ဒ်အလာဝီကပေးသော လက်ဆောင်လားဟု သေဆုံးသူများကို လက်ညှိုးထိုးကာ လူတစ်ဦးက မေးမြန်းခဲ့သည်။

ဖော်လူဂျာမြို့သည် အမေရိကန်တို့၏ လေကြောင်းမှတိုက်ခိုက်ခြင်းကို နေ့စဉ်ခံနေရသည်။ **(အင်တာနက်)**



**ဖော်လူဂျာ မြို့ အား အမေရိကန် တပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက် ခိုက် မှု ကြောင့်ဒဏ်ရာ ရရှိခဲ့သော အီရတ် ကလေးငယ် တစ်ဦး ဆေးရုံ၌ ဆေးကုသမှု ခံယူနေ သည် ကို အောက် တိုဘာ ၂၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)




ဗီယက်နမ်နိုင်ငံ ဟန္အိုင်းမြို့ရှိ ဗဟိုပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးရုံး၌ ဖုန်းခေါ်ဆိုသူများ၏ စုံစမ်းမေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးရန် ဆက်သွယ်ရေးတာဝန်ထမ်းဆောင်နေကြစဉ်။ (အဆိုပါ တယ်လီဖုန်းလမ်းညွှန်ဆောင်ရွက်သည့်လုပ်ငန်းကို ၂၄နာရီ ပိတ်ရက်မရှိ အမျိုးသမီးဝန်ထမ်းများက ဆောင်ရွက်ပေးနေကြောင်း သိရသည်။)

**ဓာတ်ပုံ-အင်တာနက်**

# အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်သော ပြည်ပပို့ကုန်ပစ္စည်းများ တရုတ်တွင် ၂၀၀၂ ခုနှစ် ဧပြီလမှစ၍ တစ်ဟုန်ထိုးတိုးတက်ခဲ့

ပေကျင်း အောက်တိုဘာ ၂၅

**တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်သော ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့မှုသည် ၂၀၀၂ခုနှစ် ဧပြီလမှစ၍ တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုသည် ၄၀ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။**

ယင်းအဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်သော ပြည်ပပို့ကုန်တန်ဖိုးသည် ယခုနှစ် ဇန်နဝါရီနှင့်စက်တင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၉၅ ဘီလီယံအထိ ရောက်ရှိခဲ့သည်။

**မြင့်တက်**

ပြည်ပပို့ကုန်တန်ဖိုးသည် တစ်နှစ်ပြီးတစ်နှစ် ၅၄ ဒသမ ၃ ရာခိုင်နှုန်းထိရောက်ရှိခဲ့ပြီး ပျမ်းမျှ ပြည်ပပို့ကုန်တန်ဖိုးထက် ၁၉ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့သည်။

**ကျော်လွန်**

လစဉ် ပြည်ပပို့ကုန်တန်ဖိုးသည် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄၁ ဘီလီယံရှိခဲ့သည်။ ပထမအကြိမ်အတွက် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ ကျော်လွန်သွားသည်။

ထိုပြည်ပပို့ကုန်ပစ္စည်းများတွင် အော်တိုဒီဂျစ်တယ်သုံး ကိရိယာများနှင့် လျှပ်စစ်ပစ္စည်းကိရိယာများ စျေးနှုန်းသည် ၂၂ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။

အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ ၄၁ ရာခိုင်နှုန်းခန့်ကို ရှန်ဟိုင်း၊ ဆူဇူးနှင့် စီကျင်းပြည်နယ်များအပါအဝင် ယန်စီမြစ်ဝကျွန်းပေါ်ဒေသမှ ထုတ်လုပ်သည်။

အဓိကဈေးကွက်များမှာ အမေရိကန်၊ ဗန်ကောက်နှင့် ဥရောပနိုင်ငံများဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဆာအတ်ထိပ်သီးအစည်းအဝေး ဘင်္ဂလားဒေ့ရှ်၌ ကျင်းပသွားရန်စီစဉ်

ဒါကာ အောက်တိုဘာ ၂၅

**ဒါကာမြို့၌ လာမည့်တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာအတ်) ထိပ်သီးအစည်းအဝေးလုပ်စဉ်အတွင်း တောင်အာရှခေါင်းများသည် ခုနစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးတိုးမြှင့်ဆောင်ရွက်ရေး သဘောတူညီချက်လေးခုကိုလက်မှတ်ရေးထိုးရန် မျှော်လင့်သည့်အဓိကစီးပွားရေးကိစ္စများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါသဘောတူညီချက် လေးခုကို စနေနေ့က ဘင်္ဂလားဒေ့ရှ် သတင်းဌာနက ဖော်ပြရာတွင် ဒါကာကြေညာချက်ကို ဆက်လက်ဆွေးနွေး၍ တစ်စုတစ်စည်းတည်းဖြစ်အောင် ပေါင်းစည်းဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါသဘောတူညီချက် လေးရပ်တွင် ဝလေ့ထုံးတမ်းများ အပြန်အလှန်အထောက်အကူပြုရေး၊ ရင်းနှီးမြှုပ်နှံမှုကာကွယ်ရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး၊ ဆာအတ် တရားစီရင်ဆုံးဖြတ်မှုကောင်စီထူထောင်ရေးနှင့် အခွန်နှစ်ဆလျှော့ချရေးတို့ဖြစ်သည်။ အစ္စလမ္မာဘတ်၌ ပြုလုပ်ခဲ့သည့် ပြီးခဲ့သော ဆာအတ်ထိပ်သီးအစည်းအဝေးသည် အင်ဒို-ပါကစ္စတန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအရှိန် အဟုန်ကိုဖြစ်စေခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရတာဝန်ရှိသူက ကိုးကား၍ ပြောကြားသည်။

**လက်မှတ်ရေးထိုး**

အစ္စလမ္မာဘတ်၌ ဆာအတ်ခေါင်းဆောင်များသည် တောင်အာရှဒေသ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်၊ ဆာအတ်လူမှုရေးခွင့်ပြုချက်နှင့် အကြမ်းဖက်မှု တိုက်ဖျက်မှုအပေါ် သံတမန်နည်းများ ပေါင်းထည့်လုပ်ဆောင်ရန် အရေးကြီးသော သဘောတူညီချက်သုံးခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

နိုင်ငံတကာသတင်းများ

# အိန္ဒိယနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများတင်ပို့မှု ၂၀၁၅ခုနှစ်တွင် ဒေါ်လာ ဘီလီယံ ၃၀၀ရရှိရေးမျှော်မှန်း

နယူးဒေလီ အောက်တိုဘာ ၂၅

**ဝန်ဆောင်မှုကဏ္ဍ အောင်မြင်ခဲ့ပြီးနောက် ထုတ်ကုန်တင်ပို့မှုသည် အိန္ဒိယနိုင်ငံအတွက် ၂၀၁၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ အထိ ရှိလာမည်ဖြစ်ကာ ခုနစ်ဆခုန်၍ တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။**

ကမ္ဘာ့ထုတ်လုပ်မှု လမ်းကြောင်းနှင့် ထုတ်ကုန်ထုတ်လုပ်မှု အကုန်အကျအနည်းဆုံးနိုင်ငံများ (အယ်လ်စီစီ)သည် လာမည့်ဆယ်စုနှစ်တွင် မြင့်တက်လာမည်ဖြစ်ရာ အိန္ဒိယနိုင်ငံသည် ၎င်း၏ ထုတ်ကုန်ယှဉ်ပြိုင်မှု၊ သာလွန်မှု၊နည်းပညာသာလွန်မှုကြောင့် အကျိုးအမြတ်အများဆုံး ရရှိနိုင်ကြောင်း အိန္ဒိယစက်မှုအဖွဲ့ချုပ်က ပြောကြားသည်။

**လျာထား**

အိန္ဒိယနိုင်ငံမှ ထုတ်လုပ်မှုပို့ကုန်သည် ၁၇ရာခိုင်နှုန်း နှစ်စဉ်တိုးတက်ခဲ့ရာ ၂၀၀၂ခုနှစ်က အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ရှိရာမှ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀အထိ ရရှိရန် လျာထားကြောင်း၊ အိန္ဒိယနိုင်ငံ၏ ကမ္ဘာ့ထုတ်ကုန် ကုန်သွယ်ရေးရှယ်ယာသည် ၃ဒသမ ၅ရာခိုင်နှုန်း အထိ တိုးတက်ခဲ့ကြောင်း ၎င်းဌာနက ပြောကြားသည်။

**ဖန်တီးပေးနိုင်**

အခြားသော အလုပ်အကိုင်အခွင့်အလမ်းများဖြစ်သည့် ဆောက်လုပ်ရေး၊ ပညာရေးနှင့် ဖျော်ဖြေရေးတို့တွင် အလုပ်အကိုင် အခွင့်အလမ်းသန်း ၆၀မှ ၉၀အထိရှိရာ အဆိုပါကဏ္ဍတွင် အလုပ်အကိုင် အခွင့်အလမ်း ၂၅သန်းမှ သန်း၃၀ အထိ ဖန်တီးပေးနိုင်ကြောင်း အယ်လ်စီစီက ပြောကြားသည်။

နောက်လာမည့် ပို့ကုန်များသည် ကားပစ္စည်းအစိတ်အပိုင်းများနှင့် ဆေးဝါးထုတ်လုပ်ရေး ကဏ္ဍများဖြစ်ကြောင်း ယင်းလေ့လာချက်က ဖော်ပြသည်။

**ပိုမိုထူးခြားနိုင်**

အိန္ဒိယနိုင်ငံသည် အဆိုပါ ထုတ်လုပ်မှုကဏ္ဍများတွင် အကုန်အကျနည်းမှု၊ နည်းပညာ ကျွမ်းကျင်မှုများ၊ ကုန်ကြမ်းအခြေခံထူထောင်နိုင်မှုနှင့် ပြည်တွင်းလိုအပ်ချက်များ တိုးပွားလာမှုတို့ကြောင့် ပိုမိုထူးခြားလာနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**တင်ပို့ခဲ့**

ထို့အပြင် မော်တော်ကားပစ္စည်း အစိတ်အပိုင်းများ၊ အဝတ်အစား၊ ဓာတုဗေဒထုတ်ကုန်နှင့် လျှပ်စစ်ပစ္စည်းများကို အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀မှ ၉၀ဖိုးတင်ပို့ခဲ့ကြောင်း သိရသည်။ ယင်းပစ္စည်းများ ကမ္ဘာတစ်ဝန်းသို့ တင်ပို့ရာတွင် လောလောဆယ် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ဖိုးရှိရာမှ ၂၀၁၅တွင် ဒေါ်လာဘီလီယံ ၃၀၀အထိရှိလာနိုင်ကြောင်း သိရသည်။

**အမ်အင်အေ၊ပီတီအိုင်**

# တရုတ်သိပ္ပံပညာရှင်များ ပိုမိုအားထုတ် အလုပ်လုပ်နေ

**ပေးကျင်း အောက်တိုဘာ ၂၅**

တရုတ်သိပ္ပံပညာရှင်များသည် ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များထက် နာရီပိုများ အလုပ်လုပ်လျက်ရှိပြီးယင်းတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များသည် အချိန်မလုံလောက်မှုဖြစ်နေသည်ဟု သိပ္ပံပညာရှင်များ၏ ဘဝအဆင့်အတန်း လေ့လာချက်အရ သိရသည်။

**နောက်ဆုံးထုတ်ပြန်**

ယင်းသို့ လေ့လာဆန်းစစ်ချက်သည် တရုတ်သိပ္ပံသတင်းမဂ္ဂဇင်းက နောက်ဆုံးထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ယင်းလေ့လာချက်အရ ကမ္ဘာ့သိပ္ပံပညာရှင်များသည် တစ်နေ့ပျမ်းမျှလုပ်ချိန်သည် ၉ နာရီဖြစ်ပြီး စနေနေ့အတွက် လုပ်ချိန်သည် ၅ ဒသမ ၅ နာရီဖြစ်သည်။

တရုတ်သိပ္ပံပညာရှင်များသည် တစ်နေ့ ၉ ဒသမ ၆၈ နာရီလုပ်နေရပြီး စနေနေ့လုပ်ချိန်သည် ၇ ဒသမ ၇၃ နာရီ ဖြစ်သည်။

**ဖျော်ဖြေရေးပွဲ**

တရုတ်သိပ္ပံပညာရှင်များသည် ရုပ်ရှင်သွားခြင်း၊ ကဇာတ်ရုံသွားခြင်းသို့မဟုတ် အချို့သော ဖျော်ဖြေရေးပွဲသို့သွားခြင်းသည် ငါးပတ်လျှင် တစ်ကြိမ်ထက်ပင် နည်းနေကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# သရုပ်ပြ တင်ဆက်

**စင်ကာပူနိုင်ငံ၌ မိုဘိုင်းလ်ဖုန်းသစ်များ မိတ်ဆက်ပွဲတွင် အရောင်းဝန်ထမ်းတစ်ဦး၏ သရုပ်ပြတင်ဆက်မှုကို အောက်တိုဘာ ၂၆ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# ဘရာဇီး၏ ပထမဆုံးဒုံးပျံ အာကာသအတွင်းသို့ အောင်မြင်စွာလွှတ်တင်

ဘရာဇီး အောက်တိုဘာ ၂၅

**နိုင်ငံ၏ အာကာသအစီအစဉ်နှင့်ပတ်သက်၍ ဂုဏ်သတင်းပျက်ခဲ့ရပြီး အာကာသအေဂျင်စီဝန်ထမ်း ၂၁ဦးသေဆုံးခဲ့ရသော ကြီးမားသည့် မတော်တဆမှုကြီးဖြစ်ပွားခဲ့ပြီးနောက် ၁၄လအကြာတွင် ဘရာဇီးနိုင်ငံသည် ၎င်း၏ ပထမဦးဆုံးဒုံးပျံကို အာကာသအတွင်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။**

ဗွီအက်စ်ဘီ-၃၀ အမည်ရှိသော သို့မဟုတ် ဘရာဇီး စူးစမ်းလေ့လာရေးယာဉ်ဖြစ်သော နှစ်ဆင့်ပစ် အဆိုပါဒုံးပျံကို ရီယိုဒီဂျန်နီယာရီ၏ မြောက်ဘက် ကီလိုမီတာ၂၇၀၀၊ မိုင် ၁၇၀၀ အကွာ မာရန်ဟာယိုပြည်နယ်ရှိ အယ်လ်ကန်တာရာ ပစ်လွှတ်ရေးစခန်းမှ စနေနေ့ညနေ ၁နာရီ ၃၀မိနစ်တွင် ပစ်လွှတ်ခဲ့ကြောင်း ဘရာဇီးလေတပ်ရှိ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အရာရှိများက ပြောသည်။

**ထိန်းသိမ်း**

အောင်မြင်စွာ လွှတ်တင်နိုင်ခြင်းသည် လက်တင်အမေရိက၏ ပထမဆုံး အာကာသအစီအစဉ်ဆိုင်ရာ ဂုဏ်သတင်းကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းနိုင်ခြင်းသာမက တူညီသည့် ဗြိတိသျှလုပ် စကိုင်းလပ်ဒုံးပျံအစားထိုးမည့် ဥရောပအာကာသ အေဂျင်စီထံသို့ ဒုံးပျံများတင်ပို့ရန် အစီအစဉ်များကိုလည်းအခွင့်ရသွားစေမည်ဖြစ်သည်။

ဘရာဇီးသည် ဒုံးပျံ ၁၅စင်းရောင်းချသွားရန် အစီအစဉ်ရှိပြီး အဆိုပါဒုံးပျံများသည်၃၉၅ကီလို ဂရမ်၊ ပေါင် ၈၇၀ သယ်ဆောင်နိုင်ကြောင်း သိရသည်။ **အမ်အင်အေ၊အေပီ**

# ဘဂ္ဂဒက်အနောက်ဘက်နှင့် မြောက်ဘက်၌ တိုက်ခိုက်မှုများဖြစ်ပွား လေဆိပ်သွားရာလမ်းတွင် ဗုံးပေါက်ကွဲ၍ ကန်တပ်ဖွဲ့ဝင် ခြောက်ဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၅

**အီရတ်လုံခြုံရေးပစ်မှတ်များကို အသေခံဗုံးခွဲတိုက်ခိုက်သူများက ဘဂ္ဂဒက်၏ မြောက်ဘက်နှင့် အနောက်ဘက်တွင် စနေနေ့ကဗုံးခွဲ တိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် အီရတ် ၂၂ဦးသေဆုံး ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။**



အီရတ်၌ အန္တရာယ်အရှိဆုံးလမ်းဖြစ်သော ဘဂ္ဂဒက်လေဆိပ်သို့သွားရာလမ်းတွင် ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရခဲ့သည်။

**အသေခံဗုံးခွဲ**

ဘဂ္ဂဒက်အနောက်ဘက် မိုင် ၁၄၀အကွာခန့် အယ်ဘဂ္ဂဒက်ဒီရှိ အမေရိကန်မရိန်းအခြေစိုက်စခန်းအနီး၌ ရဲစခန်းကို ကားမောင်းသမားတစ်ဦးက အသေခံပြီး ဗုံးခွဲခဲ့သဖြင့် အီရတ်ရဲ တပ်ဖွဲ့ဝင်၁၆ဦးထက်မနည်းသေဆုံးပြီး အခြား၄၀ ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

**သေဆုံး**

ဆာမာရာမြို့တောင်ဘက် ခြောက်မိုင်ခန့်၌ အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ စစ်ဆေးရေးစခန်းအနီး ယာဉ်မောင်းသမားတစ်ဦးက စနေနေ့၌ ဒုတိယမြောက် အသေခံဗုံးခွဲတိုက်ခိုက်သောကြောင့် အစောင့်တပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆာမာရာမြို့၏ မြောက်ပိုင်းတွင် စစ်ယာဉ်တန်းကို တိုက်ခိုက်ခဲ့ရာ၌ အခြားအစောင့်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရခဲ့သည်။ ဘဂ္ဂဒက်မြို့လယ်ခေါင်နှင့် ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်ကို ဆက်သွယ်ထားသော လမ်းမကြီးတွင် တနင်္ဂနွေနေ့နံနက်ပိုင်း၌ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့အနီး ကားဗုံး တစ်လုံး ပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရခဲ့သည်။ ထိုတိုက်ခိုက်မှု၌ သံချပ်ကာယာဉ်တစ်စီး ပျက်စီးခဲ့သော်လည်း တပ်ဖွဲ့ဝင်တစ်ဦးမျှ သေလောက်သည့် ဒဏ်ရာမရခဲ့ဟု သိရသည်။

ယခုရက်ပိုင်းအတွင်း အီရတ်နိုင်ငံအနှံ့၌ တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာခဲ့ရာတွင် အများစုမှာ ကားဗုံးနှင့် လမ်းဘေးဗုံးများဖြင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## မိုဆူးလ်မြို့အနီးတွင် တူရကီယာဉ်မောင်းနှစ်ဦး အသတ်ခံရ

မိုဆူးလ် အောက်တိုဘာ ၂၄

**အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့အနီးတွင် စနေနေ့က သေနတ်သမားများပစ်ခတ်မှုကြောင့် တူရကီယာဉ်မောင်းနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် ဆေးရုံအရာရှိများက ပြောကြားသည်။**

**ပစ်ခတ်**

**မိုဆူးလ်မြို့ရှိ အမေရိကန်စစ် အခြေစိုက်စခန်းသို့ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးနေသူများဖြစ်ပြီး ထိုနေ့က အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်လာစဉ် သေနတ်သမားများက ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဒဏ်ရာရရှိခဲ့သော တူရကီယာဉ်မောင်းတစ်ဦးက ပြောကြားသည်။**

**တူရကီမှ အီရတ်သို့ ဆက်သွယ်ထားသော အဝေးပြေး လမ်းမကြီးတစ်လျှောက်တွင် တူရကီယာဉ်မောင်းများမှာ အီရတ်တိုက်ခိုက်ရေးအဖွဲ့များ၏ ဓားစာခံအဖြစ် ဖမ်းဆီးခံရခြင်း သို့မဟုတ် ပစ်ခတ်တိုက်ခိုက်ခြင်း ခံကြရသည်။** (အင်တာနက်)

## ဒုံးကျည်ထိမှန်

**ဘဂ္ဂဒက်မြို့၌ ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို အောက်တိုဘာ ၂၄ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အီရတ်၌ မီဒီယာသမားများနေထိုင်ရာ နယ်မြေအတွင်း ဗုံးပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားနေ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၅**

အီရတ်နိုင်ငံ၌ နေ့စဉ်နှင့်အမျှ အန္တရာယ်များ ရင်ဆိုင်နေရပြီး သတင်းမီဒီယာသမားများ နေထိုင်ရာ ဇရိယာအတွင်းမှာလည်း ခေါင်းဖြတ်သတ်မှုများနှင့် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားနေခြင်းကြောင့် သတင်းထောက်များသည် အီရတ်နိုင်ငံတွင် စိုးရိမ်ပူပန်စွာနှင့် ထိတ်လန့်တကြား နေထိုင်လုပ်ကိုင်နေကြရသည်။

ခြိမ်းခြောက်မှုများလည်းရှိပြီး သက်ဆိုင်ရာ သတင်းသမားများကို မသွားရနေရာများ ကန့်သတ်ထားကြောင်းလည်း သိရသည်။ အတတ်နိုင်ဆုံး မိမိ၏ ဟိုတယ်အခန်းအတွင်း၌ နေကြရန်၊ လမ်းပေါ်မထွက်ကြရန်၊ လူထုနှင့် ထွေးရောယှက်တင်မနေရန် စသည်ဖြင့် သတင်းထောက်များကို ညွှန်ကြားထားကြောင်းလည်း သိရသည်။

ဥရောပသတင်းဌာနများက ၎င်းတို့၏ သတင်းထောက်များကို အီရတ်နိုင်ငံပြင်ပသို့ စေလွှတ်ထားပြီးဖြစ်ကာ ၎င်းသတင်းထောက်များ၏ ဆန္ဒအရသာ နိုင်ငံအတွင်းသို့ သွားရောက်၍ သတင်းရယူမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်စေခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

## အီရတ်ရေနံပိုက်လိုင်းများ အကြိမ်ကြိမ်ဖောက်ခွဲတိုက်ခိုက်ခံရမှု ရေနံမှဝင်ငွေဒေါ်လာ ၇ဘီလီယံနှင့် ၁၂ဘီလီယံကြား ဆုံးရှုံးခဲ့ရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၅

**အီရတ်နိုင်ငံ၏ ရေနံပိုက်လိုင်းများနှင့် အခြေခံအဆောက်အအုံများသည် ခုခံတိုက်ခိုက်ရေး ပြောက်ကျားတို့၏ အကြိမ် ၂၅၀ခန့် ဖောက်ခွဲတိုက်ခိုက်ခြင်းခံခဲ့ရရာ ရေနံပို့ကုန်ဝင်ငွေ ဒေါ်လာ ၇ဘီလီယံနှင့် ၁၂ဘီလီယံအကြား ဆုံးရှုံးခဲ့ရသည်။**

ထိုနစ်နာဆုံးရှုံးမှုသည် အီရတ်လူဦးရေ ၂၆သန်း၏ တစ်ဦးချင်းဒေါ်လာ ၄၉၀မျှ ဆုံးရှုံးခြင်းဖြစ်ပြီး အီရတ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေကြောင်း ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ငွေကြေးပံ့ပိုးနိုင်ကြောင်း ဘုရှ်အစိုးရက စစ်ကြိုကာလ၌ ကြိုတင်ဟောကိန်း ထုတ်ထားခဲ့သော်လည်း ရေနံဝင်ငွေသည် များစွာ လျော့နည်းကျဆင်းခဲ့ရသည်။

**ဆုံးရှုံးခဲ့**

အီရတ်နိုင်ငံ၏အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်ရန် စီးပွားရေးကို တစ်ဟုန်ထိုးပြင်နိုင်ရန်၊ အလုပ်လက်မဲ့မြင့်မားမှုကို ဖယ်ရှား နိုင်ရန်မှာ အီရတ်နိုင်ငံ လိုအပ်သော ဝင်ငွေသည် ဆိုးဆိုးရွားရွား ဆုံးရှုံးခဲ့သည်ဟု အီရတ်၏ရေနံကဏ္ဍ ဆန်းစစ်လေ့လာသူ ဂျာမာလ်ကူရီရှီက ပြောကြားခဲ့သည်။ အီရတ်၏ ရေနံဝင်ငွေများတွင် ဒေါ်လာတစ်ဘီလီယံ ကျော်သည် အမေရိကန်နှင့် ဗြိတိသျှကုမ္ပဏီများသို့ စီးဝင်ကုန်သည်ဟု ဆိုသည်။ **(အင်တာနက်)**

## ခုခံတိုက်ခိုက်ရေးသမားများ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက် အမေရိကန်သံချပ်ကာ စစ်ယာဉ်တစ်စီး မီးလောင်ပျက်စီး

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

**ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်သို့သွားရာ အဝေးပြေးလမ်းမကြီးတစ်ခုပေါ်တွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့က စနေနေ့၌ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်သံချပ်ကာယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

**ထိမှန်မီးလောင်**

မီးလောင်သွားခဲ့သော အမေရိကန်စစ်ယာဉ်မှာ ဘရက်ဒ်လီအမျိုးအစား စစ်ယာဉ်ဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားသော ဘဂ္ဂဒက်မြို့၏ ဘာယာဒေသ၌ တိုက်ပွဲဖြစ်ပွားစဉ် ထိုကဲ့သို့ ဘရက်ဒ်လီတိုက်ခိုက်ရေးယာဉ်အား ထိမှန်မီးလောင်ခံရခြင်းဖြစ်ကြောင်း သိရသည်။

ထိုတိုက်ခိုက်မှုအတွင်း ထိခိုက်သေဆုံးမှုများနှင့်ပတ်သက်၍ ပြောဆိုခြင်းမရှိဘဲ အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက သတင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်နေကြောင်း ပြောကြားသည်။

**အကြိုက်ဆုံးပစ်မှတ်**

အမေရိကန်စစ်ဘက်က အဓိကအသုံးပြုနေသောလေဆိပ်လမ်းသည် အမေရိကန်တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ရေးသမားတို့က ပစ်မှတ်ထားတိုက်ခိုက်ရာတွင် အဓိကကျသော ပစ်မှတ်တစ်ခုဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ**



## ဒဏ်ရာရရှိ

**ဖော်လူဂျာမြို့အား အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်သားအဖနှစ်ဦးကို အောက်တိုဘာ ၂၃ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# သယ်န်းကျွန်းမြို့နယ် မေဃဝတီတောရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် သိရီဘဒ္ဒန္တ ရေဝတမဟာထေရ်မြတ်၏ အန္တိမဈာပန သာဓုကီဠနပူဇာသဘင်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

**ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ် မေဃဝတီတောရကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် သိရီဘဒ္ဒန္တ ရေဝတ မဟာထေရ်မြတ်၏ အန္တိမဈာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါကျောင်းတိုက် ယာယီစံကျောင်းအနီး မဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်များနှင့် ပင့်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ဆရာလေးများ ကြွရောက်တော်မူကြပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်နှင့် တာဝန်ရှိသူများ၊ စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဈာပနဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆရာတော်ကြီး၏ တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။**

## ဖွင့်လှစ်

ရှေးဦးစွာ 'သဗ္ဗေသင်္ခါရာအနိစ္စာတိ' အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများ၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထို့နောက် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သဒ္ဓမ္မရံသီရိပ်သာဆရာတော်ကြီးထံမှ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အမှူးပြုသော ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိကလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်းသဝဏ်လွှာကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လည်းကောင်း၊ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်ကလည်းကောင်း ဖတ်ကြားသည်။

ထို့နောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ပစ္စိမဝန္ဒနာဂါထာတော်ဖြင့် ဓမ္မကထိကတွံတေးဆရာတော် အရှင်ဣန္ဒကက ဖတ်ကြားပူဇော်သည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော် သံဃာတော်တို့အား ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့ အမှူးပြုသောဧည့်ပရိသတ်တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ယောဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်တို့က သံဝေဂတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်ကြီးများနှင့် ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့အမှူးပြုသော ဧည့်ပရိသတ်တို့က အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန်တောင်းပန်လွှာကိုရွတ်ဆို၍ ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား ရှိခိုးကန်တော့ကြပြီး ယာယီစံကျောင်းတော်မှ လောင်တိုက်တော်သို့ ကြွချီတော်မူပါရန် သာသနာရေးဦးစီးဌာန အကြံပေးအရာရှိ ဦးမင်းကြည်က အဘိယာစန နိမန္တန ဂါထာတော်ရွတ်ဆိုပင့်လျှောက်ကာ ဂါထာဆုံးသည်နှင့် သာဓုသုံးကြိမ်ရွတ်ဆိုပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား နတ်မင်းကြီးလေးပါးခြံရံ၍ ဆွေတော်မျိုးတော်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ ဈာပနကျင်းပရေးကော်မတီဝင်များက လောင်တိုက်တော်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်သည် လောင်တိုက်ပေါ်သို့ ရောက်ရှိချိန်တွင် ပရိသတ်အားလုံးတို့က 'အနိစ္စာဝတ သင်္ခါရာ' အစချီသော သံဝေဂသုံးဂါထာကို ရွတ်ပွားကြပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိဈာပနမီးပူဇော်ကြသည်။

**(သတင်းစဉ်)**





**ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ် မေဃဝတီတောရကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် သိရီဘဒ္ဒန္တ ရေဝတ မဟာထေရ်မြတ်၏ အန္တိမဈာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ဝမ်းနည်းကြောင်းသဝဏ်လွှာ ဖတ်ကြားစဉ်။ (သတင်းစဉ်)**



■ *ကျောဖုံးမှ*

မကြာမီ ပဲခူးမှတစ်ဆင့် ညောင်လေးပင်သို့ ရောက်ခဲ့သည်။

ညောင်လေးပင်သို့ ရောက်သောအခါ ဘယ်သို့ချိုးကွေ့လျှင် မန္တလေးသို့ ဆက်မည့် ခရီးလမ်းဖြစ်သည်။ ညာသို့ချိုးကွေးရုံမျှနှင့် ရွှေကျင်–မဒေါက်ကားလမ်းခရီးဖြစ်သည်။ ရွှေကျင်သို့ရောက်ရန် ၁၂ မိုင်ကျော်မျှသာ၊ ညောင်လေးပင်လမ်းထိပ်တွင် အငှားဆိုင်ကယ်ဖြင့်သွားလျှင်လည်းရသည်။

ညောင်လေးပင်မှ မဒေါက်သို့ ၁၂မိုင်မျှရှိသည်။ မဒေါက်မှ ရွှေကျင်၊ စစ်တောင်းမြစ်ကူးတံတားသစ်ကြီးကို ဖြတ်ကျော်ချိန်တွင် တစ်မိုင်ခွဲမျှသာရှိကြောင်း သိရသည်။

## ရှုချင့်စဖွယ်အလှ

စစ်တောင်းမြစ်၏အရှေ့ဘက်ကမ်းတွင်ရှိပြီး တောင်ကုန်း၊ တောင်စွယ်၊ တောင်တန်းများ၏ သဘာဝအလှအပက ရှုချင့်စဖွယ်ဖြစ်သည်။ ဥယျာဉ်ခြံမြေများဖြင့် သာယာလှပေသည်။

မိုးရာသီကင်းစ သဘာဝ အလှသာဖြစ်သည်။ မိုးရွာပြီးစအချိန် ရွှေကျင်မြို့၏အလှကို မြို့ရိုး၊ ကျုံးကစ၍ ကြိုဆိုနေပေသည်။

## နှစ်စဉ်မပျက်ကျင်းပ

ရွှေကျင်မြို့နယ်၏ သီတင်းကျွတ်ဆီမီးမျှောပွဲ ကျင်းပခဲ့သည်မှာ ကုန်းဘောင်ခေတ်မှစတင်သည်။ အစဉ်အဆက်ရိုးရာ ပွဲတော်အဖြစ်လက်ဆင့်ကမ်းခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေကို ရွှေကျင်သူ ရွှေကျင်သားတို့က ရွှေကျင်ချောင်း ရေပြင်ကျယ်မှာ နှစ်စဉ်မပျက်ဆက်လက်ကျင်းပခဲ့ကြပေသည်။

ခေတ်တစ်ခေတ်၏ ရေစီးကြောင်းပြောင်းလဲခဲ့ပေမယ့် ကျေးလက်ဓလေ့ထုံးစံ ရိုးရာယဉ်ကျေးမှုကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

## လာရောက်ဆင်နွှဲ

ဇာတိမွေးရပ်မြေ၏ ကျေးလက်ဓလေ့ရိုးရာ ယဉ်ကျေးမှုအမွေကိုဝေးမြေခြားသော်လည်း တစ်နှစ်တစ်ခါက်မျှ သီတင်းကျွတ် ဆီမီးမျှောပွဲတော်သို့ ရွှေကျင်သူရွှေကျင်သားတို့ လာရောက်ဆင်နွှဲ၍ မိဘအစဉ်အဆက်ကိုးကွယ်သော သံဃာတော် အရှင်မြတ်များအား ကထိန်သင်္ကန်းကပ်လှူပွဲ၊ ဆွမ်းဆက်ကပ်လှူပွဲ ကျင်းပလေ့ရှိကြပေသည်။

ရွှေကျင်မြို့နယ်၏ သမိုင်းကစိတ်ဝင်စားစရာပင်တည်း။ သက္ကရာဇ် (၁၁၀၀)ခု ဟံသာဝတီရောက် မင်းတရားလက်ထက်တွင် ဆတ်တရာ အမည်တွင်ခဲ့၏။ ဆတ်များကို အမည်ဖွဲ့ခဲ့သည်။ သက္ကရာဇ် ၁၁၆၀ ခုနှစ် ဘိုးတော်ဘုရားလက်ထက်တွင် ရွှေကျင်မြို့ဟု အမည်သစ်ရခဲ့၏။

ရွှေကျင်မြို့၏ သက်တမ်းသည် ယနေ့အထိ နှစ်ပေါင်း ၂၀၀ ကျော်ခဲ့ပေပြီ။ သီတင်းကျွတ် ဆီမီးမျှောပူဇော်ခဲ့သည်မှာ ယခုနှစ်ပွဲဆိုပါလျှင် ၁၅၃ နှစ် ရှိပေတော့မည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ နှစ်စဉ် သီတင်းကျွတ် ဆီမီးမျှောပူဇော်ပွဲတော်ကိုရွှေကျင်မြို့ရှိ ရွှေကျင်ချောင်း ရေပြင်ကျယ်တွင်သာကျင်းပလေ့ရှိသည်။

## ပူဇော်လေ့ရှိ

ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဧည့်သည်တော်များပါမကျန် စက်တပ်လှေငယ်များဖြင့် ရွှေကျင်ချောင်း ရေပြင်ကျယ်တွင် စုန်ဆန်ကူး၍ ပူဇော်လေ့ရှိကြသည်။

ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ကရဝိက်ဖောင်တော်တွင်ကိန်းဝပ်စံပွာယ်ရန် ရပ်ကွက်ရှစ်ကွက်မှ မြို့မိမြို့ဖများ၊ ယိမ်းအဖွဲ့ဝင်များဖြင့် စည်ကားစွာ ရွှေကျင်ချောင်းပွဲတော် ကျင်းပရာ ကရဝိက်ဖောင်တော်သို့ ပင့်ဆောင်ပွဲကား လမ်းတစ်လျှောက်စည်ကားလှ၏။

## လှေပွဲသဘင်ဆင်ယင်

နေ့လယ်ပိုင်းတွင် ရွှေကျင်ချောင်း ရေပြင်ကျယ်တွင် အလှအကများဖြင့် လှေပွဲသဘင် ဆင်ယင်၍ ယှဉ်ပြိုင်ကခုန်ပြီး ပြိုင်ပွဲဝင်ကြသည်။ ရွှေကျင်လှပျိုဖြူလေးများနှင့် အရွယ်လွန်ဘွားဘွားတို့ ယိမ်းက နာမည်ကြီးလှ၏။

ရွှေကျင်ဘွားဘွားတို့က ရေးလှပျိုဖြူအရွယ်ကပင် ဆီမီးမျှောပူဇော်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး ဒေသအသီးသီးမှ လာရောက်သူတိုင်း အကအလှလှေပွဲကို ကြည့်ရှုအားပေးသူများအား ထမင်းဖက်ထုပ်များဖြင့် လက်ဆင့်ကမ်း တစ်ယောက်တစ်ထုပ်နှုန်းဖြင့် လှူဒါန်းလေ့ရှိ၏။

## ညလုံးပေါက်

ပွဲတော်မကျင်းပမီ တစ်ရက်အလိုမှာ ညလုံးပေါက်ထမင်းဟင်းများကို ချက်ပြုတ်ကြသည်။

ပျိုရွယ်သူများ၊ လူကြီးမိဘများနှင့်အတူ မွေးဇာတိဒေသဖြင့် လှူဒါန်းမှုကို လုပ်အားပေးကြသည်။ ရွှေကျင်မြို့နယ် ရှင်ဥပဂုတ္တမထေရ်မြတ် ဆီမီးမျှောပွဲအတွက် လုပ်အားအလှူဟု ဆိုရပေမည်။

ပွဲတော် ကျင်းပသည့်နေ့တွင် နေမင်းကြီးထွက်လာသည့်အချိန်မှစ၍ ရွှေကျင်ချောင်း ရေပြင်ကျယ်တွင် ရိုးရာဓလေ့ အကပြိုင်ပွဲများစည်ကားလှ၏။

## ကြည့်ရှုမဝ

ရွှေကျင်တက်သုတ်ယိမ်းအဖွဲ့ အသီးသီး ရေပြင်ကျယ်မှာကခုန်နေကြသည်။ ကြည့်ရှု၍မဝအောင် ကမ်းနားဆိပ်ကမ်းနံဘေး ပရိသတ်ကြီးမှာ နေပြင်းလာလေ များလာလေဖြစ်သည်။

ဆုပေးပွဲကျင်းပပြီးချိန်တွင်ကား ညနေနေဝင်ချိန် ရောက်စပြုပြီ။ ရွှေကျင်ချောင်း ရေပြင်ကျယ်တွင် တစ်စတစ်စနဲ့ ဆီမီးရောင်လက်လက်ကလေးများက နေဝင်စတိမ်တောက်ချိန်နှင့် ပနံရ၍ လှပနေသည်။

## ကြည်နူးပီတိဖြစ်

ကရဝိက်ဖောင်တော်ကြီးနှင့်ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးစတင်ကြွတော်မူလျှင် ဆီမီးရောင်ရှိန်များ ထိန်ဝါလှ၏။ ချောင်းရေပြင်ကျယ်တွင် ပဒုမ္မာပွင့်သဏ္ဌာန် ဆီမီးခွက်ငယ် လေးငါးသောင်းကျော်ရေစီးနှင့်မျောနေသည်ကိုမြင်ရသူ၏ ရင်ထဲထိုးဖောက်ဝင်ရောက် ပူဇော်သကဲ့သို့ ကြည်နူးပီတိဖြစ်ခဲ့ရ၏။

ကျေးရွာအသီးသီးမှ သမီးပျိုလေးများ၏ မြန်မာ့ကျေးလက်ရိုးရာယဉ်ကျေးမှု အမွေလက်ဆင့်ကမ်းထိန်းသိမ်းကျင်းပမှုကား မြန်မာတို့၏အမွေဟု ဆိုပါရစေ။

ယမန်နှစ်က သီတင်းကျွတ်ပွဲတော်သတင်းဆောင်းပါးခရီးစဉ်ကို ခံစားတင်ပြ ရေးထားခြင်းဖြစ်ပါသည်။

ဒေသ၏ထူးခြားသောယဉ်ကျေးမှု ရိုးရာမီးထွန်းပူဇော်ပွဲတော်တစ်ခုဖြစ်ပါသည်။ ။

**(မြန်မာ့အလင်း)**

27-10 (07).p65 1 24.03.1905, 5:22 PM

## အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

● *ကျောဖုံးမှ*

ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ စာပေနှင့် ဂီတပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို လေးစားချစ်ခင်မြတ်နိုးကြသော ပြည်သူများ လာရောက်နားသောတဆင် ကြည့်ရှုအားပေးကြသည်။

### အကဲဖြတ်အမှတ်ပေး

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ)ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲကို ကျင်းပရာ နန်းတော်ရှေ့ဆရာတင် ရေးစပ်သီကုံးပြီး မကြည်အောင်သီဆိုခဲ့သည့် **'ပျူစောထီး'** သီချင်းဖြင့်မွန်ပြည်နယ်မှ ဒေါ်ဆွေဆွေမြင့်၊ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ ဧရာဝတီတိုင်းမှ ဒေါ်အေးအေးသန့်၊ မကွေးတိုင်းမှ ဒေါ်မာလာဝင်း၊ ရန်ကုန်တိုင်းမှ မယဉ်ယဉ်ထွန်း၊ ရန်ကုန်တိုင်းမှ မသူဇာအောင်၊ တနင်္သာရီတိုင်းမှ ဒေါ်သိန်းညွှန့်(ခ) ဒေါ်သပြေ၊ မန္တလေးတိုင်းမှ ဒေါ်ခင်သီတာဖြိုး၊ ပဲခူးတိုင်းမှ ဒေါ်ဝင်းဝင်းမာ၊ ကယားပြည်နယ်မှ ဒေါ်ခင်လှနွယ်၊ ရခိုင်ပြည်နယ်မှ ဒေါ်ခိုင်ဇင်ရွှေနှင့် မန္တလေးတိုင်းမှ ဒေါ်ဆွေဆွေအောင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁ နာရီတွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

### ကာလပေါ်တေးအဆိုပြိုင်

ထို့နောက် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီတွင် ဆက်လက်ကျင်းပရာ ဂီတာတင်အုန်း ရေးစပ်သီကုံးပြီး တင်တင်မြ သီဆိုသည့် **'အမျိုးသားဂီတ'** သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်အောင်ကိုကို၊ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်း၊ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်၊ ရှမ်းပြည်နယ်မှ စိုင်းကောင်စစ်၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူစောထွန်းထွန်းလင်း၊ ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ မွန်ပြည်နယ်မှ မောင်တိုးခန့်ကျော်၊ ရန်ကုန်တိုင်းမှ မောင်ဇော်ဝင်းနိုင်၊ မန္တလေးတိုင်းမှ မောင်တင်ကိုဝင်း၊ တနင်္သာရီတိုင်းမှ မောင်ညီညီစိုး၊ စစ်ကိုင်းတိုင်းမှ မောင်ရဲဇော်ထွန်း၊ မကွေးတိုင်းမှ မောင်ရိုဘင်မောင်၊ ပဲခူးတိုင်းမှ မောင်ရဲမြင့်နှင့် ကချင်ပြည်နယ်မှ မောင်လွင်အောင်ဖြိုးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

### ဓမ္မပူဇာတေး

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ်(အမျိုးသား) ဓမ္မပူဇာ တေးအဆိုပြိုင်ပွဲကိုကျင်းပရာ ကိုမြသောင်းသီဆိုသည့် **'ငါးပါးပဉ္စသီ'** သီချင်းဖြင့် ကယားပြည်နယ်မှ စောဂျော့စ်လင်း၊ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်၊ ကရင်ပြည်နယ်မှ စောအောင်ကျော်ဇင်၊ ပဲခူးတိုင်းမှ မောင်သီဟဇော်၊ တနင်္သာရီတိုင်းမှ မောင်စည်သူထွန်း၊ ရှမ်းပြည်နယ်မှ မောင်ထွန်းမင်းဦး၊ မန္တလေးတိုင်းမှ မောင်အောင်စိုးလွင်လွင်၊ စစ်ကိုင်းတိုင်းမှ မောင်ချမ်းဖြိုး၊ ကချင်ပြည်နယ်မှ မောင်အောင်ကြည်ဖြိုး၊ ရန်ကုန်တိုင်းမှ မောင်အောင်ကျော်ဖြိုး၊ မကွေးတိုင်းမှ မောင်ဟိန်းထက်အောင်၊ ရခိုင်ပြည်နယ်မှ မောင်ဇော်နိုင်မိုး၊ မန္တလေးတိုင်းမှ မောင်ကြွယ်ဇေဝေယံထွန်း၊ ဧရာဝတီတိုင်းမှ မောင်ဝေသန့်နှင့် မွန်ပြည်နယ်မှ မင်းတင့်စန်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ၁၃ရက်မြောက်နေ့ အဆိုပြိုင်ပွဲ အစီအစဉ်များကို ညနေ ၃ နာရီမိနစ် ၄၀တွင် ရပ်နားလိုက်သည်။

အောက်တိုဘာ ၂၇ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့် (အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာဆင့် အသက်(၅–၁၀)နှစ် (အမျိုးသမီး)မဟာဂီတ အဆိုပြိုင်ပွဲတို့ကို အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

### သီချင်းစာသားရေး

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲ၌ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များယှဉ်ပြိုင်ရေးသားခဲ့ကြသော သီချင်းစာသားများကို တူရိယာများ၊ အနုပညာရှင်များနှင့်တွဲဖက်၍ သီဆိုပြိုင်ပွဲဝင်ခြင်းကို နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အရေးပြိုင်ပွဲတွင် **'တို့ကျောင်းတော်'** သီချင်းခေါင်းစဉ်ဖြင့် မန္တလေးတိုင်းမှ မခင်ဗိုလ်ဗိုလ်ဟန်နှင့် မရွှန်းလဲ့မေ၊ ပဲခူးတိုင်းမှ မလဲ့ရည်ဝင်း၊ ဧရာဝတီတိုင်းမှ မဇင်လေးမွန်၊ တနင်္သာရီတိုင်းမှ မောင်ရှင်းပအောင်၊ ရန်ကုန်တိုင်းမှ မောင်ဘုန်းလကျ်ာ၊ စစ်ကိုင်းတိုင်းမှ မသူရစန္ဒာဗိုလ်နှင့် ရန်ကုန်တိုင်းမှ မခင်စန္ဒာမြင့်တို့ရေးသားယှဉ်ပြိုင်ခဲ့ကြသော သီချင်းစာသားများကို တူရိယာများ၊ အနုပညာရှင်များနှင့်တွဲဖက်၍ သီဆိုပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲတွင် **'ယဉ်ကျေးလိမ္မာမျိုးမြန်မာ'** သီချင်းခေါင်းစဉ်ဖြင့်မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့် မခင်ချစ်စုမာ၊ စစ်ကိုင်းတိုင်းမှမောင်ဆုဇာဝင်း၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ မွန်ပြည်နယ်မှ မောင်နွေးထက်စိုး၊ ရခိုင်ပြည်နယ်မှ မခင်မိမိမိုး၊ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုဝင်းနှင့် ဧရာဝတီတိုင်းမှ မောင်လင်းထွဋ်တို့ ရေးသားယှဉ်ပြိုင်ခဲ့ကြသော သီချင်းစာသားများကို တူရိယာများ၊ အနုပညာရှင်များနှင့်တွဲဖက်၍ သီဆိုပြိုင်ပွဲဝင်ကြသည်။

အရေးပြိုင်ပွဲကို အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘိုကလေးဦးတင့်အောင်နှင့်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၇ ရက်တွင် ကမ္ဘောဇဇာတ်ရုံ၌ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား)၊ (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲကို နံနက်ပိုင်းတွင်လည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား)၊(အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲကို မွန်းလွဲပိုင်းတွင်လည်းကောင်းကျင်းပမည်ဖြစ်သည်။

### ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုးသမီး) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒို့ဗိုလ်မနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဒေါ်လှလှခိုင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဒေါ်အေးမာသီနှင့်အဖွဲ့နှင့် ဒေါ်ယဉ်ယဉ်နုနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ပညာရှင်အဆင့် ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို ဗဟိုအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် အဖွဲ့ဝင်များကကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြပြီး ပြိုင်ပွဲကို မွန်းတည့်၁၂နာရီတွင် ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်(အမျိုးသမီး) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မဥမ္မာဝင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မယုစန္ဒာဝင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မဝင့်သဉ္ဇာစတင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မဇာဇာလင်း(ခ) ပေါက်ကျော်မနှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မနုနုလွင်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသမီး)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကိုကျင်းပရာ မန္တလေးတိုင်းမှ မဖြူဖွေးသန့်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မမြတ်နိုးခင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မဝင်းနန္ဒာလွင်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မစပယ်ဖွေးနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ပြိုင်ပွဲဝင်ကြသည့် အခြေခံပညာအဆင့်အသက်(၁၅–၂၀)နှစ် (အမျိုးသမီး)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲနှင့် အခြေခံပညာအဆင့်အသက်(၅–၁၀) နှစ်(အမျိုးသမီး)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတို့ကို ဗဟိုအကဲဖြတ်အဖွဲ့ခေါင်းဆောင်ဦးစိန်လှမြိုင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အမှတ်ပေးကြသည်။

အောက်တိုဘာ၂၇ရက် နံနက်ပိုင်းတွင် အခြေခံပညာအဆင့်အသက်(၁၀–၁၅)နှစ်(အမျိုးသား)ဆိုင်းတစ်ဦးချင်းပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတို့ကို ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

### အိုးစည်အတီးပြိုင်

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အိုးစည်အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ အိုးစည်အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အိုးစည်အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ပညာရှင်အဆင့် အိုးစည်အတီးပြိုင်ပွဲကိုကျင်းပရာ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးအုန်းငွေနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ တောသားကြီး(ခ)ဦးလှမြင့်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ သံလက်ဝါး(ခ) ဦးလှအေးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ညီဗေထိနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးဇော်သက်နိုင်နှင့်အဖွဲ့တို့ပါဝင် ပြိုင်ပွဲဝင်ကြပြီးပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အိုးစည်အတီးပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင်ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမှမောင်ကျော်မင်းခက်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်မိုးဦးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်စတားဗိုလ်ထက်နှင့်အဖွဲ့တို့ပါဝင်ပြိုင်ပွဲဝင်ကြသည်။

အောက်တိုဘာ၂၇ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့် အိုးစည်အတီးပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အိုးစည်အတီးပြိုင်ပွဲကိုလည်းကောင်း အမျိုးသားဇာတ်ရုံ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်အဆင့် အိုးစည်အတီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ တောသားကြီး (ခ) ဦးလှမြင့်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)



ဒွါဒသမ အကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာ အဆင့် အသက် (၅–၁၀) နှစ် အရေး သီချင်း ပြိုင်ပွဲကို ကမ္ဘောဇဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဘုန်းလကျ်ာ ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)



ဒွါဒသမ အကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာ အဆင့် အသက် (၅–၁၀)နှစ်(အမျိုးသား)ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်တိုးခန့်ကျော် ပါဝင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

## ဆွမ်းတော်ကြီးတင်နှင့်ဆီမီးတစ်ထောင်ပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်းရှေးဟောင်းသမိုင်းဝင် ကျောက်တော်ကြီးဘုရား သုံးဆူဘုရားကြီးတွင် ဘုရားသုံးဆူကျောင်းတိုက်ဆရာတော် ဦးစန္ဒာဝံသ(ရှမ်းဘုန်းဘုန်း)က ဦးစီး၍ တပည့်ဒါယကာ ဒါယိကာမများ စုပေါင်းပြီး ၁၃၆၈ခုနှစ် သီတင်းကျွတ်လဆန်း၁၄ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ရက်အထိ သုံးရက်တိုင်တိုင် ဆွမ်းတော်ကြီးတင်နှင့် ဆီမီးတစ်ထောင်ပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဒါယကာ ဒါယိကာမများအား ဖိတ်ကြားနိူးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အတီး | အတီး | အတီး |
| ၁၄။ | ၂၇–၁၀–၂၀၀၆<br>(ဗုဒ္ဓဟူးနေ့) | **မဟာဂီတ** (နံနက်)<br>(၁) ဝါသနာရှင်(ကျား)<br>**မဟာဂီတ** (နေ့လယ်)<br>(၂) အခြေခံ(၅–၁၀)(မ) | **အိုးစည်**<br>(၁) ဝါသနာရှင်(နံနက်)<br>(၂) အခြေခံ(၅–၁၀)<br>(နေ့လယ်) | **ဂီတာ**<br>(၁) အခြေခံ(၅–၁၀)<br>(ကျား+မ)(နံနက်)<br>(၂) ဝါသနာရှင်(ကျား+မ)<br>(နေ့လယ်) | **ဆိုင်းတစ်ဦးချင်း**<br>(၁) အခြေခံ(၁၀–၁၅)(ကျား)<br>(နံနက်)<br>(၂) အခြေခံ(၅–၁၀)(ကျား)<br>(နေ့လယ်) |
| ၁၅။ | ၂၈–၁၀–၂၀၀၆<br>(ကြာသပတေးနေ့) | **ဓမ္မပူဇာတေး** (နံနက်)<br>(၁) အခြေခံ(၁၅–၂၀)(မ)<br>**ခေတ်ဟောင်း/ကာလပေါ်**<br>(နေ့လယ်)<br>(၂) ဝါသနာရှင်(ကျား) | **မယ်ဒလင်**<br>(၁) အခြေခံ(၁၀–၁၅)<br>(ကျား+မ)(နံနက်)<br>(၂) အဆင့်မြင့်(ကျား+မ)<br>(နေ့လယ်) | **ပတ္တလား**<br>(၁) အခြေခံ(၁၀–၁၅)(မ)<br>(နံနက်)<br>(၂) အဆင့်မြင့်(ကျား)<br>(နေ့လယ်) | **ဒိုးပတ်**<br>(၁) ဝါသနာရှင်(နံနက်)<br>(၂) အခြေခံ(၁၀–၁၅)<br>(နေ့လယ်) |

# ရေလှောင်တမံတည်ဆောက်မှု အကျိုးကျေးဇူးအမြန်ဆုံးခံစားနိုင်ရေး လုပ်ငန်းများသတ်မှတ်ချိန်ထက် စံချိန်စံညွှန်းမီစွာစောပြီးစီးရေးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၆

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၂ရက်တွင် ပဲခူးတိုင်း တောင်ငူမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၌ ဌာနဆိုင်ရာများ၊ မြန်မာ့ကြံလုပ်ငန်းမှတာဝန်ရှိသူများနှင့် စက်ရုံမှူးများ၊ ဇုန်မန်နေဂျာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ကြံစိုက်ပျိုးဧကလျာထားချက်ပြည့်မီကျော်လွန်ရေး၊ အထွက်ကောင်းမျိုးများလဲလှယ်စိုက်ပျိုးရေး၊ တစ်ဧကကြံတန် ၄၀ထွက်ရှိရေး၊ စိုက်စရိတ်ကျဆင်းရေး၊ သကြားစက်ရုံများ လျာထားချက်နှင့်အညီ အရည်အသွေးကောင်းသကြားများထုတ်လုပ်ရေး၊ စက်ရုံနယ်မြေအလိုက်မြေလွတ်မြေရိုင်းများဖော်ထုတ်စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားပြီး အဆိုပါရည်မှန်းချက်များ အောင်မြင်စေရန်နည်းလမ်းများချမှတ်ပေးကာ ဝန်ကြီးကလိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။**

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၂၃ရက်တွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်အတွင်း စိုက်ပျိုးဖြစ်ထွန်းနေသည့် မိုးစပါးစိုက်ခင်းများကိုကြည့်ရှုသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အမှတ်(၆)သကြားစက် (ရေတာရှည်)သို့ ရောက်ရှိပြီး သကြားသိုလှောင်ရုံများတွင် စနစ်တကျ ပစ္စည်းသိုလှောင်မှု၊ စက်အရန်ပစ္စည်း သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် စက်ရုံ ရှင်းလင်းဆောင်၌ သကြားစက်ရုံ ဝန်ထမ်းများ၊ ကြံတောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ စက်ရုံမှူးက ယခုနှစ်ကြံရာသီစက်ရုံလည်ပတ်ချိန်တွင် ကုန်ထုတ်လုပ်မည့် လုပ်ငန်းစီမံချက်နှင့် ကြံဝယ်ယူရေး၊ ကြံသယ်ယူရေး၊ စက်များကြံခွဲခိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက တွေ့ကြုံရသော အခက်အခဲများ ပြုပြင်ဆောင်ရွက်ရန်၊ ကြံတောင်သူများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံ၍ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရန်၊ အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရန်၊ ကြိတ်ဝါးကြံများ စက်ရုံအချိန်မီရောက်ရှိရေး ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တည်ဆောက်နေဆဲပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးဗစ်တာက ပင်မကျောက်ဖြည့်တမံတည်ဆောက်မှု၊ ရေပိုလွှဲတည်ဆောက်မှု၊ဆည်ရေသောက်စနစ်တည်ဆောက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

## မှာကြား

ထို့နောက် ဝန်ကြီးက ရေလှောင်တမံတည်ဆောက်မှု အကျိုးကျေးဇူး အမြန်ဆုံးခံစားနိုင်ကြရန် လုပ်ငန်းများ သတ်မှတ်ချိန်ထက် စံချိန်စံညွှန်းပြည့်မီစွာဖြင့် စောနိုင်သမျှစောစွာ ပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အလျားပေ၃၁၀၀၊ အမြင့်ပေ၄၃၀၊ ထိပ်ဝအကျယ်၄၆ပေရှိသည့် ပင်မကျောက်ဖြည့်တမံတည်ဆောက်မှု၊ ရေသိုလှောင်ထားမှု၊ အကျယ်ပေ၄၃၀၊ အရှည်၁၆၀၈ပေရှိသည့် ရေပိုလွှဲမှ ရေထုတ်လွှဲမှု၊ မြေအောက်လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းကျေးရွာရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ရောက်ရှိကြရာ မျိုးစေ့ဘဏ် ရှင်းလင်းခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်စိုးက သီးနှံအထွက်နှုန်းမြင့်မားရေး၊ သဘာဝအရင်းအမြစ်ထိန်းသိမ်းရေး၊ သီးနှံအထွက်နှုန်းတည်ငြိမ်ရေး၊သုတေသနဆောင်ရွက်မှု၊ဒေသရေမြေအလိုက် သီးနှံမျိုးသစ်များ၊စပ်မျိုးသီးနှံများသုတေသနပြုမှု၊ထုတ်လုပ်မှုတို့ကိုရှင်းလင်းတင်ပြပြီး ဝန်ကြီးက သုတေသနတွေ့ရှိချက်များ၊အောင်မြင်မှုများ၊စမ်းသပ်ကွက်မှ တောင်သူစိုက်ခင်းသို့အမြန်ရောက်ရှိရေး၊ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရေး၊ နည်းပညာပြန့်ပွားရေး၊ ဌာနဆိုင်ရာများပူးပေါင်းဆက်သွယ်၍ သုတေသနလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး မှာကြားသည်။

## စူးစမ်းလေ့လာ

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ အနောက်ဘက် ခြောက်မိုင်အကွာရှိ မြို့လှချောင်းပေါ်တွင်တည်ဆောက်မည့် မြို့လှ(တပ်ကုန်း)ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိပြီး ပင်မတမံတည်ဆောက်ရန် စူးစမ်းလေ့လာ ရွေးချယ်ထားသည့်နေရာသို့ ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၇**

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့၌ကျရောက်သော တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တာ့ခ်မင်နစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာရာရှစ်(ဒ်)မေရာဒေါဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

# မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး ဝန်ကြီးအဆင့်အစည်းအဝေးနှင့်စပ်လျဉ်း၍ အကြိုသတင်းစာရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၂၆

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ အောက်တိုဘာ ၂၇ရက်မှ ၂၉ရက်အထိ ကျင်းပမည့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့်စပ်လျဉ်း၍ အကြိုသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် ဒဂုံခန်းမ၌ ကျင်းပသည်။**

## တက်ရောက်

သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါ်ခင်အေးဝင်း၊ UN Inter-Agency Project on Human Trafficking in the Great Mekong Sub-region မှ Deputy Regional Manager, ဒေါက်တာစုစုသာထွန်းနှင့် Regional Information & Communication Officer, Melissa Stewart၊ ကျိုဒို သတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း) စာတည်းမှူးချုပ် ဦးတင်လှိုင်နှင့် သတင်းထောက်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

သတင်းစာရှင်းလင်းပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ဝင်းမြိုင်နှင့် UN Inter-Agency Project on Human Trafficking in the Great Mekong Sub-region မှ Deputy Regional Manager, ဒေါက်တာစုစုသာထွန်းတို့က မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်း တိုက်ဖျက်ရေးဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် လူမှောင်ခိုကူးမှုနှင့်ပတ်သက်၍ မဲခေါင်ဒေသအတွင်းရှိ ခြောက်နိုင်ငံမှ အစိုးရအဖွဲ့များအနေဖြင့် လျစ်လျူရှု၍ မနေဘဲ UNIAP နှင့် ဆက်စပ်ပူးပေါင်းပြီး လူမှောင်ခိုကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်တွင်း/ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**



မဲခေါင်ဒေသခြောက်နိုင်ငံအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးနှင့်စပ်လျဉ်း၍ အကြိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့၏ လာအိုပြည်သူ့ဒီမိုကရက်သမ္မတနိုင်ငံသို့သွားရောက်လေ့လာရေးအစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်း ဦးမြင့်ဦးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအုန်းခိုင်တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြရာ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(စီမံရေးရာ)ဦးမြင့်ဆွေနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ) (သတင်းစဉ်)**



# ရွှေကြက်ယက်ပဝါရဏာပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန် ရွှေကြက်ယက်ဆရာတော်ကြီးအား အမှူးထား၍ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သောပဝါရဏာပွဲတော်ကို အောက်တိုဘာ ၂၈ရက်(ကြာသပတေးနေ့)တွင် ကြွရောက်လာကြကုန်သော သံဃာတော် ၁၀၈ ပါးတို့အား ပဒေသာပင်များကို စာရေးတံမဲချကာ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ ခုနှစ် အောက်တိုဘာလအတွက်**
**နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၃၁-၁၀-၂၀၀၄ရက်နေ့**
**၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွက်**
**(၁၄-၁၁-၂၀၀၄)ရက်နေ့နှင့် (၂၈-၁၁-၂၀၀၄)ရက်နေ့**




27-10 (09).p65 1 24.03.1905, 5:22 PM

# သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့

## ဦးကျော်စိန် (မန္တလေး)

သီတင်းကျွတ်လသည် မြန်မာလများတွင် "သတ္တမလ" ဖြစ်၏။ မိုးဥတုတွင်ပါဝင်သည်။ လေ့သင်းအတွင်းဝန်၏ ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ "သီတင်းကျွတ်လ ခေါ်ဆိုသည်မှာ ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသုံးလ၊ ရက်ပေါင်းကိုးဆယ်၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့ သီတင်းကျွတ်သောကြောင့် သီတင်းကျွတ်လဟူ၍ သာသနာကျမ်းအလို ခေါ်ဆိုကြောင်း သိသာသည်"ဟုပါရှိ၏။ ဗေဒင်အခေါ်အားဖြင့် သီတင်းကျွတ်လသည် "တူရာသီ" ဟုခေါ်သည်။ တူရာသီ၏ အရုပ်သည် ချိန်ခွင်ကိုင်စွဲသောယောကျ်ားသဏ္ဍာန်ဖြစ်၏။ ထိုရာသီကား အသဝနီနက္ခတ်နှင့်ယှဉ်၍ လပြည့်သောကြောင့် အဿယုဇဟူ၍ ဆိုသည်။ ကြာပန်းကို ရာသီပန်းအဖြစ် အသိအမှတ်ပြုကြ၏။ ကျီးတာရာ ထွန်းပသည်။

သီတင်းကျွတ်လတွင် မြတ်စွာဘုရားသခင် နတ်ပြည်မှ ဆင်းသက်ခဲ့ဖူးသည်ကို အကြောင်းပြု၍ မီးစောင်းတန်း၊ မီးမြင်းမိုရ်များထွန်းညှိကာ မီးပွဲသဘင်ကို ဆင်ယင်ကျင်းပကြစမြဲဖြစ်သည်။ ဆီမီးမြင်းမိုရ်ထွန်းခြင်း၊ ဘုရားစေတီများတွင် ဆီမီးပူဇော်ခြင်း၊ ဝါကျွတ်အကန်တော့ခံခြင်းတို့ကို ပြုသည်။ ထို့ကြောင့် ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီဘွဲ့သဖြန်၌–

**"ကြာငါးမည် ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ ပြောင်ထိန်၊**
**ရွှေနန်းတောင်တော်ဦးမှာလ၊ ကွန့်မြူးမြင်းမိုရ်မီး ညီးတဲ့ခါချိန်၊**
**ရှိခိုးငယ်နှိမ်၊ သုံးကြိမ်ရိုပြောင်း၊ သက္ကစ္စဂါရဝါနှင့်၊**
**စဉ်အလာပူဇော်ပွဲကို နွှဲကြပေတောင်း"**

ဟု စပ်ဆိုထားခြင်း ဖြစ်လေသည်။

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်ကြီး တစ်နေ့ဖြစ်၏။ ကဆုန်လပြည့် ဗုဒ္ဓနေ့၊ ဝါဆိုလပြည့် ဓမ္မစကြာနေ့တို့ကဲ့သို့ပင် သီတင်းကျွတ်လပြည့်နေ့သည်လည်း မြတ်စွာဘုရားသခင် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ကြွမြန်းဆင်းသက်တော်မူလာသည့်နေ့ဖြစ်သဖြင့် ထူးမြတ်သောနေ့အဖြစ် အသိအမှတ်ပြုကြသည်။ မြတ်စွာ ဘုရားသခင် ဆင်းသက်ကြွမြန်းလာသည်ကိုရည်၍ မြတ်စွာဘုရားရှင်အား ပူဇော်သည့်အနေဖြင့် ထိုနေ့တွင် မီးများထွန်းကာ မြင်းမိုရ်ပွဲ ဆင်ယင်ကျင်းပခဲ့ကြသည်။ မြတ်စွာဘုရားသခင်သည် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ဖူး သောသန္တုသိတနတ်သားကို အကြောင်းပြု၍ "ကုသလာဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာဓမ္မာ"အစရှိသည်ဖြင့် အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော် မူပြီးနောက်

သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းတော်များ ဝါမှထသောနေ့၊ ပဝါရဏာပြုကြသောနေ့၊ မြတ်စွာဘုရားသခင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာ တရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသည်မှာ အောင်မြင်စွာ ပြီးဆုံးသောနေ့၊ နတ်၊ ဗြဟ္မာအပေါင်း ခြံရံလျက် တာဝတိံသာမှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့ မြတ်စွာဘုရားသခင်အား အတူတကွ ကြည်ဖြူကော်ရော် ပူဇော်ကြသောနေ့၊ လောကဝိဝရဏတန်ခိုးတော်ကြောင့် စကြဝဠာ တစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့ စသော ဂုဏ်ထူးဝိသေသ အထူးတို့နှင့် ပြည့်စုံသောနေ့ ဖြစ်ပေသည်။

သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာ၌ ပဝါရဏာပြု၍ လူ့ပြည်သို့ ဆင်းသက်တော်မူသည်ကို အကြောင်းပြုလျက် ထိုနေ့ကို "အဘိဓမ္မာနေ့"ဟူ၍သမုတ်ကာ အဘိဓမ္မာပူဇော်ပွဲ ကျင်းပကြလေသည်။

မြတ်စွာဘုရားသခင်သည် တာဝတိံသာမှ ဆင်းသက်လာသောအခါ ကိုယ်တော်တိုင် ပတ္တမြားစောင်းတန်းဖြင့်ဆင်း၍လက်ယာဘက်ရွှေစောင်းတန်းဖြင့် နတ်တို့ခြံရံလိုက်ပါကာ လက်ဝဲဘက်ငွေစောင်းတန်းဖြင့် ဗြဟ္မာမင်းတို့ ခြံရံလိုက်ပါလာ၍ သက်ဆင်းတော်မူလာသည့် မြတ်စွာဘုရား၏ တင့်တယ်သော အသရေတော်ကို ဖူးမြင်ကြရသော ပရိသတ်အားလုံးပင် ဘုရားဆုကို တောင်းကြသည်။ တစ်ယောက်သောသူမျှ ဘုရားဆုကို မတောင်းသူဟူ၍မရှိချေ။ မြတ်စွာဘုရားသခင်သည် လူ့ပြည်သို့မဆင်းမီ တာဝတိံသာနတ်ပြည်၌ ရေအစုံ၊ မီးအစုံတန်ခိုးပြာဋိဟာ ပြတော်မူသည်။ မြတ်စွာဘုရားရှင်၏ တန်ခိုးတော်အားဖြင့် စကြဝဠာတစ်ခုလုံးသည် ဟင်းလင်းပြင် ဖြစ်သွား၏။ ရှင်တော်မြတ်ဘုရား၏ လောကဝိဝရဏတန်ခိုးတော်အားဖြင့် လူ၊နတ်၊ ဗြဟ္မာ၊ ငရဲသားအားလုံးတို့သည် တစ်ဦးကိုတစ်ဦး ထင်ရှားစွာ တွေ့မြင်ရလေသည်။

သီတင်းကျွတ်လပြည့်နေ့သည် ဝါတွင်းသုံးလ၏ နောက်ဆုံးနေ့ဖြစ်သဖြင့် ဝါဆိုတော်မူကြကုန်သော သံဃာတော်အရှင်သူမြတ်တို့ လွတ်လွတ်ကျွတ်ကျွတ်သွားလာသီတင်းသုံးနိုင်သည့် အခွင့်အရေးကို ရရှိကြလေသည်။ ဤနေ့အထိ ဝါဆိုကြသည့် သံဃာတော်များသည် အလွန်မြတ်သော ကထိန်အလှူကို ခံယူထိုက်သော အခွင့်အရေးကိုရရှိကြ၏။

**သို့ဖြစ်၍ သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းတော်များ ဝါမှထသောနေ့၊ ပဝါရဏာပြုကြသောနေ့၊ မြတ်စွာဘုရားသခင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာ တရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသည်မှာ အောင်မြင်စွာ ပြီးဆုံးသောနေ့၊ နတ်၊ ဗြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာမှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့ မြတ်စွာဘုရားသခင်အား အတူတကွ ကြည်ဖြူကော်ရော် ပူဇော်ကြသောနေ့၊ လောကဝိဝရဏတန်ခိုးတော်ကြောင့် စကြဝဠာ တစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့စသော ဂုဏ်ထူးဝိသေသ အထူးတို့နှင့် ပြည့်စုံသောနေ့ ဖြစ်ပေသည်။**

အဘိဓမ္မာဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သတ္တမဝါတွင် တာဝတိံသာ နတ်ပြည်၌ ဟောတော်မူ၏။ ထို့နောက် လူ့ပြည် စန္ဒကူးတော၌ ရှင်သာရိပုတ္တရာအား ဟောတော်မူသည်။ တစ်ဖန် ရှင်သာရိပုတ္တရာက မိမိ၏ တပည့် ရဟန်းငါးရာတို့အား ဟောတော်မူသည်။ ဤသို့လျှင် အဘိဓမ္မာဒေသနာတော်သည် ပိဋကသုံးပုံတွင် အဘိဓမ္မာပိဋကအနေဖြင့် ထင်ရှား၏။ အဘိဓမ္မာဒေသနာကို သဒ္ဒါပညာဖြင့် လေ့လာပါက သဗ္ဗညုတဘုရားရှင်မှတစ်ပါး အခြားမည်သည့်ပုဂ္ဂိုလ်မျှ ထိုမျှလောက် နက်နဲသော ဒေသနာတော်ကို ဟောနိုင်စွမ်း မရှိကြောင်း မလွဲမသွေ ယုံကြည်သက်ဝင်မည်ပင်ဖြစ်၏။

ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာတို့သည် ကဿပမြတ်စွာဘုရားရှင် လက်ထက်တွင် လင်းနို့များဖြစ်ကြ၏။ လင်းနို့များအနေဖြင့် ရဟန်းတော်နှစ်ပါး၏ အဘိဓမ္မာဒေသနာတော် ရွတ်ဆိုသံကို နာကြားကြရသည်။ ထိုကောင်းမှုကံကြောင့် လင်းနို့ဘဝမှ စုတေသောအခါ နတ်ပြည်၌ ဖြစ်ကြရ၏။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါမှသာ လူ့ပြည်၌လူလာဖြစ်ပြီး ရှင်သာရိပုတ္တရာ၏ အတူနေ တပည့်ရဟန်းငါးရာအဖြစ်သို့ ရောက်ကြရသည်။ ရှင်သာရိပုတ္တရာ ဟောတော်မူသော အဘိဓမ္မာဒေသနာတော်ကို ပထမဆုံး နာကြားရသူများ ဖြစ်ကြ၏။ သင်ယူသူများ ဖြစ်ကြ၏။ ဤ"ကံ"ကား သုတ္တန် တရားတို့ထက် ပိုလွန်သော၊ ထူးခြားသော အဘိဓမ္မာတရားဒေသနာတော်ကို နာကြားရသည့် "ကံ"ဖြစ်၏။

လင်းနို့တို့သည် အဘိဓမ္မာဒေသနာတော်ကို နာကြားရသောအခါ အနက်အဓိပ္ပာယ်ကို မသိကြ။ သို့ရာတွင် ထို "ကံ"သည် လင်းနို့များအား ကဿပမြတ်စွာဘုရားခေတ်နှင့်ဂေါတမမြတ်စွာဘုရား ခေတ်တို့အကြား ရှည်စွာသော ကာလတစ်လျှောက်လုံး နတ်ပြည်၌ ဖြစ်စေ၏။ ထို့နောက် လူ့ပြည်၌ ဖြစ်စေ၏။ ရှင်သာရိပုတ္တရာ၏ အတူနေ တပည့်ရဟန်းငါးရာဖြစ်စေ၏။ အဘိဓမ္မာဒေသနာတော်ကို ပထမဆုံးနာကြားရစေ၏။ သင်ယူရစေ၏။ သို့ဖြစ်လျှင် အဘိဓမ္မာဒေသနာတော်ကား မည်သို့သော တရားဒေသနာတော်နည်း။

သဒ္ဒါဆရာတို့၏ အဆိုအမိန့်အရ သက်ရှိသတ္တဝါတို့၏ သန္တာန်၌ ပကတိအားဖြင့် အလွန်စင်ကြယ်သော သိခြင်းသဘောရှိ၏။ ယင်းကို "ပဋိဘာန" ဟုခေါ်သည်။ "ပဋိဘာန" ဖြစ်ပေါ်စေရန် အသံ (ဘာသာစကား) သဘောသည်ရှိ၏။ ယင်းကို "နိရုတ္တိ"ဟု ခေါ်သည်။ "နိရုတ္တိ"တွင် "ဓမ္မ(ဝေါဟာရ)"နှင့် "အတ္ထ(အနက်)"ဟူသော သဘောနှစ်မျိုးတို့သည် "နိရုတ္တိ"၌ ဆက်စပ်လျက်ရှိ၏။ ဤအဆိုအမိန့်အရ အဘိဓမ္မာဒေသနာတော်၌ ပါဝင်သော "အသံ (ဘာသာစကား)"သဘောသည် "သဘာဝနိရုတ္တိ"ဖြစ်၏။ ယင်းတွင် ဓမ္မနှင့် အတ္ထတို့သည် သဘာဝဝေါဟာရနှင့် သဘာဝအနက်တို့အနေဖြင့် ဆက်စပ်လျက်ရှိ၏။ ထို့ကြောင့် "သဘာဝဓမ္မ"နှင့် "သဘာဝအတ္ထ"တို့ ပါဝင်သော "သဘာဝနိရုတ္တိ"ဖြစ်သော အဘိဓမ္မာ ဒေသနာတော် တရားသံကို နာကြားရသောအခါ သက်ရှိသတ္တဝါ၏ သန္တာန်၌ ပကတိအားဖြင့် အလွန်စင်ကြယ်သော "ပဋိဘာန"ခေါ် သိခြင်းသဘောသည် ဖြစ်ပေါ်ရလေသည်။

ထိုပဋိဘာန၌ ပါဝင်သော ကုသိုလ်စေတနာကြောင့် လင်းနို့ သားတို့သည် နတ်ပြည်၌ ကာလကြာမြင့်စွာ နတ်သားဘဝဖြင့်နေပြီး ဂေါတမမြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ "လူ"လာဖြစ်ကာ ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာအဖြစ်ဖြင့် အဘိဓမ္မာဒေသနာတော်ကို ဦးစွာနာကြရခြင်းဖြစ်သည်။ ဦးစွာ သင်ယူရခြင်းဖြစ်သည်။ **အဘိဓမ္မာဒေသနာ တရားများသည် အနက်အဓိပ္ပာယ်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သဘာဝနိရုတ္တိဖြစ် ခြင်းကြောင့် ရွတ်ဖတ်သူအား လည်းကောင်း၊ နာကြားသူအားလည်းကောင်း သူ့သဘောသူဆောင်ကာ "ပဋိဘာန"သဘော အရ ကောင်းသောအကျိုးကို ပေးမည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အဘိဓမ္မာဒေသနာတရားတော်များသည် ပရမတ္ထသစ္စာအရ ပုဂ္ဂိုလ်သတ္တဝါမဖက် သဘာဝသက်သက်ကိုသာ ဖော်ပြသော တရားများဖြစ်သဖြင့် အတ္တဒိဋ္ဌိမှလွတ်၍ မူလပကတိအတိုင်း စင်ကြယ်သော သဘောရှိသောကြောင့် ဖြစ်၏။**

သို့ဖြစ်ပါ၍ ကဿပဘုရားရှင်လက်ထက်တော်က ရဟန်းနှစ်ပါး၏ အဘိဓမ္မာဒေသနာတော်ရွတ်ဖတ်သံကို လင်းနို့သားငါးရာဘဝဖြင့် အနက်အဓိပ္ပာယ်ကိုမသိဘဲ နာကြားရုံ သက်သက်မျှဖြင့် နတ်ပြည်၌ ရှည်မြင့်စွာသော ကာလတစ်လျှောက်လုံး နတ်သားများဖြစ်ပြီး၊ လူ့ပြည်၌ ရှင်သာရိပုတ္တရာထံမှ အဘိဓမ္မာဒေသနာတော်ကို ရှေးဦးစွာ နာယူသင်ကြားရသော ရဟန်းတော်ငါးရာတို့၏ သာဓကကို အထောက်အထားပြု၍ ခိုင်မာသော သဒ္ဓါတရားဖြင့် အဘိဓမ္မာဒေသနာတရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ သင်ကြားနာယူခြင်းပြုကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရပါသည်။ ။



## ကျောင်းသုံးပုံနှိပ်စာအုပ်များ လက်ဆင့်ကမ်းပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၆

**ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းက ကျောင်းသုံးပုံနှိပ်စာအုပ်များ လက်ဆင့်ကမ်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက လှိုင်သာယာမြို့နယ် အမှတ်(၂၄) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့က ကျောင်းသုံးပုံနှိပ်စာအုပ်များ လက်ဆင့်ကမ်းလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းသုံးပုံနှိပ်စာအုပ်များကို ပေးအပ်လှူဒါန်းရာ လှိုင်သာယာမြို့နယ်ရှိ အမက (၁၁)၊ အမက (၃၇)၊ အမက(၄၆)၊ အမက (၃၈)၊ အလက(၁)နှင့် အလက (၅) တို့မှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသားကျောင်းသူများက လက်ခံယူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း၏ လှူဒါန်းငွေကျပ် တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီးက ပေးအပ်လှူဒါန်းရာ လှိုင်သာယာမြို့နယ်လက်ထောက်မြို့နယ် ပညာရေးမှူး ဦးမြတ်ဝေတိုးက လက်ခံယူသည်။

### ကျေးဇူးတင်စကားပြောကြား

ထို့နောက် လှိုင်သာယာမြို့နယ် မြို့နယ်ပညာရေးမှူး ဦးတင်မောင်ဦးက လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ ကျောင်းသုံးပုံနှိပ်စာအုပ်များလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းက လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ လှူဒါန်းသော ကျောင်းသုံးပုံနှိပ်စာအုပ်များမှာ မူလတန်းပြဋ္ဌာန်းစာအုပ် ၃၇၇၇အုပ် နှင့်အလယ်တန်းပြဋ္ဌာန်းစာအုပ် ၂၅၂၅အုပ် စုစုပေါင်း၆၃၀၂အုပ်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**




## အော်ဗစ်သွားတိုက်ဆေး မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

ဆုထိုက်ပန်ကုမ္ပဏီလီမိတက်က ထုတ်လုပ်၍ ရှိုင်းစတားဂျင်နရယ်ကုမ္ပဏီ လီမိတက်မှ ဖြန့်ချိမည့် ဖလိုရိုက်ပါဝင်သော Orbit Floride ToothPasteသွားတိုက်ဆေးမိတ်ဆက်ပွဲကို အောက်တိုဘာ ၂၄ရက် ညပိုင်းက ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview ဟိုတယ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း အမှုဆောင်များ၊ အသင်းဝင် သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆုထိုက်ပန် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာထွန်းမင်း**(အပေါ်ပုံ)**က ဖလိုရိုက် ပါဝင်သော Orbit သွားတိုက်ဆေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာ့အသံ၊ ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့် ပြသမည့် ကြော်ငြာပြကွက်များကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဆုထိုက်ပန်ကုမ္ပဏီမှ ၁၂၅ ဂရမ်ပါရှိသော သွားတိုက်ဆေးဘူးတစ်မျိုးတည်းကိုသာ ထုတ်လုပ်ပြီး ရှိုင်းစတားဂျင်နရယ်ကုမ္ပဏီလီမိတက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

**Myanmar P.G.Aနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Open Golf Tour 2004)၏ Bagan Open Golf Championshipဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နေ့ညနေပိုင်းက မန္တလေးတိုင်း ပုဂံ-ညောင်ဦးမြို့ရှိ ပုဂံဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။**

MYANMAR GOLF TOUR

**ဆုချီးမြှင့်ပေးအပ်**

ပြိုင်ပွဲ၏စတုတ္ထနေ့ ၁၈ကျင်းကစားအပြီးတွင် ဆုချီးမြှင့်သည့်အခမ်းအနားကိုဆက်လက်ကျင်းပရာ Sunfar Travels and Tours ကိုယ်စား MPGAနှင့် MGFအမှုဆောင် ဦးကိုကိုလေးကHole-in-Oneဆုရရှိသော ဝင်းဇော်ဦးအား ရန်ကုန်-ဗန်ကောက်-ရန်ကုန်အသွားအပြန် လေယာဉ် လက်မှတ်ကိုလည်းကောင်း၊ ပုဂံဂေါက်ကွင်းတာဝန်ခံဗိုလ်ကြီးအောင်မြင့်က ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း ချီးမြှင့်ပေးအပ်လိုက်သည်။

ဆက်လက်၍ Professional Golfer ပြိုင်ပွဲတွင် (Srixon) မှ ပထမရရှိသော မင်းနိုင်နှင့်ဒုတိယရရှိသောစိုးကျော်နိုင်တို့အား မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Professional Golfer ဦးအောင်လှဟန်ကအထူးဂုဏ်ပြုဆုကို ချီးမြှင့်သည်။

ဆက်လက်၍ Kaung Myat Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်က အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက်အာကစားသမားများအားလည်းကောင်း၊ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက Professional Golfer ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြ သောဂေါက်သီးရိုက်အားကစားသမားများတို့အားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ Rothmans of Pall Mall Myanmar Pte.,Ltd. Joint Deputyမန်နေဂျင်းဒါရိုက်တာဗိုလ်မှူးသိန်းအောင်(ငြိမ်း)ကအမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်း ၂၉၁ချက်ဖြင့် ပထမရရှိသောသိန်းဇော်မြင့် စုစုပေါင်း ၂၉၆ချက်ဖြင့် ဒုတိယရရှိသောသိန်းဇော်နှင့် စုစုပေါင်း ၂၉၉ ချက်ဖြင့် တတိယရရှိသော နိုင်နိုင်လင်းတို့အား ဆုများချီးမြှင့်သည်။

**ပထမဆု**

Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က Professional Golfers ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် လေးရက်ပေါင်း ၁၇ချက်လျော့ရိုက်ပြီး စုစုပေါင်း ၂၇၁ ချက်ဖြင့် ပထမရရှိသော မင်းနိုင် (Srixon)၊ သတ်မှတ်ရိုက်ချက်ထက် လေးရက်ပေါင်း ငါးချက်လျော့ရိုက်ပြီး စုစုပေါင်း၂၈၃ချက်ဖြင့်ဒုတိယရရှိသော စိုးကျော်နိုင်(Srixon)နှင့် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး စုစုပေါင်း ၂၈၆ ချက်ဖြင့် တတိယရရှိသော သန်းနိုင်(Wilson)တို့အား ဆုများကိုချီးမြှင့်ပေးအပ်ကြပြီး ယင်းပြိုင်ပွဲတွင် ပထမရရှိသော မင်းနိုင် (Srixon)အားဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်သည်။

ထို့နောက် Rothmans of Pall Mall Myanmar Pte., Ltd. မှ Marketing Planning and Development မန်နေဂျာ ဦးကျော်စိုးလွင်က ပုဂံဂေါက်ကွင်းကို ဂုဏ်ပြုအမှတ်တရ လက်ဆောင်ချီးမြှင့်ပေးအပ်ရာ ပုဂံဂေါက်ကွင်းတာဝန်ခံဗိုလ်ကြီးအောင်မြင့်က လက်ခံသည်။

**ကူညီပံ့ပိုး**

Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd. က ဖြစ်ပြီး Title Sponsor အဖြစ် Bagan Hotel Association ဖြစ်ကာ Co-Sponsor များဖြစ်ကြသော Air Mandalay၊ Tiger Beer၊ Alpine Drinking Water၊ Bagan Golf Resort Hotel၊ K M Golf Centre၊ Maruman၊ Tour Stage၊ Wilson၊ Srixon၊ Grandslam (Munsing Wear)၊ Accel International Co.,Ltd.(Canon)၊ Sunfar Travels and Tours၊ Bagan Resort Golf Club တို့ကလည်း ထပ်မံ၍ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများအား ကူညီပံ့ပိုးပေးကြသည်။

Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Managemenat က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**Bagan Open Golf Championshipဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်ပွဲရ ဂေါက်သီးရိုက် အားကစားသမားများအား ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)နှင့်အတူ ဆုချီးမြှင့်ပွဲအပြီးတွင် တွေ့ရစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)**

# ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံးဝန်ထမ်းများ သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံးဝန်ထမ်းများ၏ (၃၅)ကြိမ်မြောက် သက်ကြီးဝါကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး ဗုဒ္ဓဘာသာအသင်းနာယကများ၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ကန်တော့ခံသက်ကြီးဝါကြီးပုဂ္ဂိုလ်များနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဝန်ထမ်းမိသားစုများက သက်ကြီးဝါကြီးများအား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြသည်။ **(သတင်းစဉ်)**

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့်(၆)ကြိမ်မြောက် အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၆ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ (နီလာခန်းမ)တွင် ကျင်းပရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေး ရှင်းလင်းပြောကြားစဉ်။(က-ပ)**



▼ ကျောဖုံးမှ

**ဝူရှူးပွဲတော်**

မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်သည် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် စီစဉ်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲ မတိုင်မီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန့်ကျိုးမြို့၌ အောက်တိုဘာ ၁၈ ရက်မှ ၂၀ရက်အထိ ကျင်းပခဲ့သော ပထမအကြိမ် ကမ္ဘာ့ရိုးရာဝူရှူးပွဲတော် ပြိုင်ပွဲသို့ မျိုးဆက်သစ် အားကစားသမား၁၂ဦးကို စေလွှတ်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၃ခု၊ ငွေတံဆိပ် ၁၁ ခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ် ၂၆ခုဆွတ်ခူး ရရှိခဲ့သည်။

ပထမအကြိမ် ကမ္ဘာ့ရိုးရာ ဝူရှူးပွဲတော်ပြိုင်ပွဲ၌ နိုင်ငံပေါင်း ၆၂ နိုင်ငံမှ အားကစားသမား၂၇၀၀ကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာလူငယ်ဝူရှူးအားကစားအဖွဲ့တွင် အသက် ၁၃ နှစ်ဝန်းကျင်အရွယ်အားကစားသမား ၁၂ ဦးပါဝင်ပြီး ပြိုင်ပွဲအမျိုးအစား၂၆ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**ပူးတွဲလေ့ကျင့်**

မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်သည် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ ၂၀၀၄ ခုနှစ် ဧပြီလမှစတင်၍ ဝူရှူးအားကစားသမားများကို တရုတ်နိုင်ငံသို့ တစ်ဖွဲ့ချင်းအလိုက် စေလွှတ်ခဲ့သည်။

**စခန်းသွင်းလေ့ကျင့်**

ယခုအခါ မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများကို စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်းနှင့် သုဝဏ္ဏရှိ ဆန်းဆိုလေ့ကျင့်ရေးစခန်းတို့၌ စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

ဝူရှူး လက်ရွေးစင်များကလည်း အောင်မြင်မှုရရှိရေးအတွက် နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် စိတ်ဓာတ်စည်းကမ်း မြင့်မားစွာ လေ့ကျင့်လျက်ရှိကြသည်။

**ပြိုင်ပွဲအစီအစဉ်**

(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ထောက်လုနှင့်ဆန်းဆိုအားကစားနည်းနှစ်မျိုးပါဝင်မည်ဖြစ်ရာမြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်သည်ထောက်လုနှင့်ဆန်းဆိုအားကစားနည်းများ၌ တန်းပြည့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထောက်လု အားကစားနည်း၌ ထိုက်ချိပွဲစဉ်နှစ်မျိုး၊ ချွမ်းချွမ်ပွဲစဉ် ငါးမျိုး၊ နန်းချွမ်ပွဲစဉ်သုံးမျိုးစုစုပေါင်း ပွဲစဉ် ၁၀ မျိုးပါဝင်သည်။ ထို့အပြင် ထိုက်ချိချွမ်နှစ်မျိုးဘက်စုံ၊ ချွမ်းချွမ်သုံးမျိုးဘက်စုံနှင့်နန်းချွမ်သုံးမျိုးဘက်စုံထူးချွန်သူများအတွက် ရွှေတံဆိပ်တစ်ခုစီ ထပ်မံချီးမြှင့်မည် ဖြစ်သည်။ နှစ်ယောက်တွဲ ပြိုင်ပွဲနှင့် အသက်(၅၀)အထက် ပြိုင်ပွဲအတွက် ရွှေတံဆိပ်တစ်ခုစီချီးမြှင့်မည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၅ခု၊ အမျိုးသမီးပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၅ခု စုစုပေါင်း ရွှေတံဆိပ် ၃၀ ချီးမြှင့်မည်ဖြစ်သည်။

ဆန်းဆိုအားကစားနည်း၌ အမျိုးသားပြိုင်ပွဲအတွက် အတန်း ၁၁ တန်း၊ အမျိုးသမီးပြိုင်ပွဲအတွက် အတန်း ငါးတန်း ပါဝင်ရာ စုစုပေါင်း ရွှေတံဆိပ် ၁၆ ခုချီးမြှင့်မည်ဖြစ်သည်။ ထောက်လုပြိုင်ပွဲအတွက် ရွှေတံဆိပ် ၃၀နှင့် ဆန်းဆိုပြိုင်ပွဲအတွက် ရွှေတံဆိပ် ၁၆ခု ချီးမြှင့်မည်ဖြစ်ရာ ပြိုင်ပွဲတစ်ရပ်လုံးအတွက် ရွှေတံဆိပ် ၄၆ ခု၊ ငွေတံဆိပ် ၄၆ ခု၊ ကြေးတံဆိပ် ၄၆ ခု စုစုပေါင်း ဆုတံဆိပ် ၁၃၈ခု ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်တစ်နိုင်ငံလျှင် ဆန်းဆိုအားကစားနည်း၌ အမျိုးသားပွဲစဉ်တွင် ခုနစ်တန်းသာပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အမျိုးသမီးပွဲစဉ်တွင် အတန်းငါးတန်းစလုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ထောက်လုအားကစားနည်း၌ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးခြောက်ဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ယခုအခါ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ အဖွဲ့ဝင်ဦးရေ ၄၀၀ကျော် စာရင်းပေးသွင်းထားကြောင်း သိရသည်။ အဆိုပါ အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကြီးကို အာရှဝူရှူးအင်အားကြီးနိုင်ငံများအတွက် အာရှအဆင့်မှ ကမ္ဘာ့အဆင့်သို့တက်လှမ်းနိုင်ရန် အထူးအလေးအနက်ထားပြီး နိုင်ငံ့လက်ရွေးစင်များစေလွှတ်ယှဉ်ပြိုင်သည့် ပြိုင်ပွဲကြီးဖြစ်ကြောင်းသိရသည်။

**အစွမ်းကုန်ကြိုးစား**

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ထောက်လုအားကစားသမား ၁၂ ဦးနှင့် ဆန်းဆိုအားကစားသမား ၁၃ ဦးတို့ကို ရွေးချယ်ထားသည်။

မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်သည် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အားလျော်စွာ မြန်မာ့ဝူရှူးလက်ရွေးစင်များက ရွှေတံဆိပ်များဆွတ်ခူးပြီးနိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**


## သတိ

၁။ ဘြောက်အိုးဖောက်ခြင်းဖြင့် ပြည်သူအများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုးဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ဗြောက်အိုးဖောက်လျှင် ထောင်ဒဏ် (၃)နှစ်။

(ခ) ဗြောက်အိုးရောင်းလျှင်၊ ဗြောက်အိုး ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# မြောင်မြို့နယ် နဘက်ကျေးရွာဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် အောက်တိုဘာ ၂၆

**စစ်ကိုင်းတိုင်း မြောင်မြို့နယ် နဘက်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။**

ရှေးဦးစွာ ဇဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဇီဝဓာတ်ငွေ့သုံး အသေးစား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဇဟိုနာယကအဖွဲ့ဝင် တိုင်းမှူးက မီးခလုတ်နှိပ်ဖွင့်လှစ်ပေးကာ သိုလှောင်ကန်၊ ဓာတ်ငွေ့ထုတ်ယူသည့်နေရာ၊စွန့်ပစ်ရည်စုဆောင်းနေရာနှင့် ဓာတ်အားပေးစက်ရုံတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ယာယီမဏ္ဍပ်တွင် ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇဟို အလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အမှာစကားပြောကြားကြပြီးဇဟိုအလုပ်အမှုဆောင်က နဘက်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းအတွက် ငွေကျပ်၁၅၀၀၀၀ တန်ဖိုးရှိ ၂၂ လက်မရောင်စုံရုပ်မြင်သံကြား စက်တစ်လုံးနှင့် အားကစားပစ္စည်းများ၊ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

နဘက်ကျေးရွာတွင်စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ဒေသခံပြည်သူများက ငွေကျပ် သိန်း ၅၀ အကုန်အကျခံ၍ ဇီဝဓာတ်ငွေ့သုံး အသေးစားလျှပ်စစ်ဓာတ်အားပေးစက်ကို တည်ဆောက်နိုင်ခဲ့သဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၅၀ ခန့်အား လျှပ်စစ်မီးပေးနိုင်သည့်အပြင် စွန့်ပစ်ရည်များကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

**ချီးမြှင့်ပေး**

ဇဟိုအလုပ်အမှုဆောင်သည်ညနေပိုင်းတွင် မုံရွာမြို့နယ် ကံပြားကျေးရွာတွင် ကျင်းပသော ကျေးလက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရ အသင်းများနှင့် နေရာအလိုက် အကောင်းဆုံးဆုများအတွက် ဆုငွေကျပ် ၂၇၅၀၀၀ကို ချီးမြှင့်ပေးခဲ့သည်။

အောက်တိုဘာ ၂၃ရက်တွင် ဇဟိုအလုပ်အမှုဆောင်သည်ရေဦးမြို့မီးသတ်စခန်းတွင် ကျင်းပသည့် နိုင်ငံတော်က ခွင့်ပြုပေးထားသော မီးသတ်ယာဉ်နှင့် ဒေသခံပြည်သူများ စုပေါင်း ထည့်ဝင်ငွေများဖြင့် တိုးချဲ့ပြုပြင်ထားသော မီးသတ်စခန်းအဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး စာရွက် စာတမ်းများ လွှဲပြောင်းပေးခဲ့သည်။

ယင်းနောက် ဇဟိုအလုပ်အမှုဆောင်သည် ခင်ဦးမြို့ မီးသတ်စခန်း၌ ကျင်းပသည့် နိုင်ငံတော်က ခွင့်ပြုထားသော မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားကာ စာရွက်စာတမ်းများ လွှဲပြောင်းပေးခဲ့ပြီး ခင်ဦးမြို့ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ဝင်ရောက်ကြည့်ရှု၍ ဘိလပ်မြေအိတ် ၅၀ ပံ့ပိုးပေးခဲ့သည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ဇဟိုအလုပ်အမှုဆောင်သည် ကန့်ဘလူမြို့နယ် ဇီကုန်းကျေးရွာ အထက်တန်းကျောင်းတွင် ကျင်းပသော အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၉၆၀၀၀၀ တန်ဖိုးရှိ ရေစုပ်စက်များ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ရေစုပ်စက်များကို အလှူရှင်များ ကိုယ်စားလွှဲပြောင်းပေးအပ်ကာ ဇီကုန်းကျေးရွာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ငွေကျပ်တစ် သိန်းနှင့် အားကစားပစ္စည်းများ၊ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဇီကုန်းကျေးရွာ ရွှေဖောင်ဦး ပရိယတ္တိစာသင်တိုက်ဆရာတော်အား ဖူးမြော်ကန်တော့ပြီး ဆွမ်းဆန်တော်နှင့်ဆီများ လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့်ဇဟိုအလုပ်အမှုဆောင်သည် ကန့်ဘလူမြို့နယ်လဲ့ဆိပ်ကျေးရွာသို့ သွားရောက်ပြီး ရွှေဘိုခရိုင်နှင့် ကန့်ဘလူမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များ၊ ဒေသခံပြည်သူ များ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် တည်ဆောက်ခဲ့သော အလျားပေ၁၂၀၊ အနံ ပေ ၃၀ရှိ သွပ်မိုးနံကပ်အုတ်စီ အင်္ဂတေခင်း မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားကာ စာသင်ခုံများပြုလုပ်ရန်ငွေကျပ်တစ်သိန်းနှင့် ဗလာစာအုပ်များ၊ အားကစားပစ္စည်းများ ပေးလှူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဇဟို အလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် စစ်ကိုင်းတိုင်း ရေဦးမြို့နယ် မီးသတ် တပ်ဖွဲ့သို့ မီး သတ် ယာဉ် နှင့် မီးသတ် အဆောက် အအုံ လွှဲပြောင်း ပေးအပ်ပွဲ အခမ်း အနားတွင် စာရွက် စာတမ်းများ မီးသတ် ဦးစီး ဌာနမှူးသို့ လွှဲပြောင်းပေးစဉ်။ (သတင်းစဉ်)**

## တွံတေးမြို့ ညောင်ဝိုင်းကျောင်းတိုက်ကြီး ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ ပျံလွန်တော်မူ

**ရန်ကုန် အောက်တိုဘာ ၂၆**

နိုင်ငံတော်သြဝါဒါစရိယ တွံတေးမြို့ ရွှေဆံတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ရန်ကုန်တိုင်း တွံတေးမြို့ ညောင်ဝိုင်းကျောင်းတိုက်ကြီး၏ ပဓာနနာယက သက်တော်(၈၂)နှစ် သိက္ခာတော် (၆၂)ဝါရှိ ဘဒ္ဒန္တ နန္ဒဝံသ မဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက် အောက်တိုဘာ ၂၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျိုက္ခမီရေလယ်ဆံတော်ရှင် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ သမိုင်းဝင်ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရား၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်တွင် ဆီမီး ၉၀၀၀ ပူဇော်ပွဲ၊ ရှင်ဥပဂုတ္တ မထေရ်မြတ်အား ဆွမ်းသပိတ်မျှော ဆက်ကပ်လှူဒါန်းခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆီမီး ၉၀၀၀ ပူဇော်ပွဲ၊ ဆွမ်းသပိတ်မျှော ဆက်ကပ်လှူဒါန်းပွဲနှင့် (၅၆)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို အောက်တိုဘာ ၂၈ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပွဲတော်ရက်များတွင် ပျော်ပွဲရွှင်ပွဲများအဖြစ် မြန်မာ့လက်ဝှေ့ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် မြန်မာ့ဇာတ်သဘင်တို့ပါဝင်မည်ဖြစ်ပြီး ပွဲတော်ကို ယမန်နှစ်ကထက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ် ဆောင်ရွက်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# နယ်စပ်စည်ပင်ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကန်တော်ကြီးသောက်သုံးရေကန်စစ်ဆေး ဖျာပုံမြို့အတွက် သန့်ရှင်းသောသောက်သုံးရေမကြာမီရရှိတော့မည်

ရန်ကုန် အောက်တိုဘာ ၂၆

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အောက်တိုဘာ၂၃ ရက်ညနေပိုင်းက ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွင့်၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖျာပုံမြို့ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကန်တော်ကြီးသောက်သုံးရေကန်သို့ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးအား စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးလှသိန်းအောင်က ဖျာပုံမြို့၏ မြို့ရေပေးဝေရေး ဆောင်ရွက်နေသော မြစ်ရေတင်ရေပေးဝေရေး လုပ်ငန်းအခြေအနေနှင့် ကန်တော်ကြီး



ရေလှောင်ကန်မှ သန့်ရှင်းသော သောက်သုံးရေပေးဝေရေး ဆောင်ရွက်မည့် အစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ငင်းနောက် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွင့်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှမိုးတို့က မြို့ရေရရှိရေး ဆောင်ရွက်မှုများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ပံ့ပိုးပေးသည်။

အဆိုပါ ကန်တော်ကြီးရေလှောင်ကန်မှာ ၂၃ဧက ကျယ်ဝန်းပြီး ရေသိုလှောင်နိုင်မှုပမာဏ ဂါလန် ၄၅ သန်းခန့်ရှိသဖြင့် ဖျာပုံမြို့အတွက် သန့်ရှင်းသော သောက်သုံးရေ မကြာမီ ရရှိတော့မည် ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးသည် မြို့ပတ်လမ်းအပိုင်း(၁)ပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေး၍ ပျက်စီးနေသော လမ်းအပိုင်းအား ပြန်လည်ပြင်ဆင်ရေး မှာကြားပြီး မြို့ပတ်လမ်းအပိုင်း(၂) ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက လမ်းအရည်အသွေး ကောင်းမွန်ရေး၊ လမ်းပုံစံပေါ်ရေး၊ လမ်းပေါ် ရေမတင်ရေး ဆောင်ရွက်ရန်နှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ရေနုတ်မြောင်းများ တူးဖော်ရေးတို့ကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ တာဝန်ခံ အင်ဂျင်နီယာများနှင့် တွေ့ဆုံကာ မြို့နယ်၏ လိုအပ်ချက်များကို ဝန်ကြီးက ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် အောက်တိုဘာ၂၄ ရက် နံနက်ပိုင်းတွင် ကျိုက်လတ်မြို့သို့ ရောက်ရှိပြီး ကျိုက်လတ်မြို့ ကန်တော်ကြီးလမ်း ကျောက်ချောခင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ **(ဝဲပုံ)** တာဝန်ရှိသူများ၏ လမ်းခင်းဆောင်ရွက်မှုနှင့်မြို့၏ လိုအပ်ချက်များ ရှင်းလင်းတင်ပြခြင်း အပေါ် ဝန်ကြီးက လိုအပ်သည်များကို ပံ့ပိုး ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

## စိန့်စကြာသမဝါယမအသင်းအရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂၆**

ကျောက်တံတားမြို့နယ် စိန့်စကြာ လွယ်အိတ်အမျိုးမျိုး ထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၂၀၀၃-၂၀၀၄ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၄ရက် ညနေ ၃ နာရီက အသင်းအရောင်း ပြခန်းတွင် ကျင်းပသည်။ အစည်း အဝေးသို့ ကျောက်တံတားမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီထွေးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တက် ရောက်လာကြသော တာဝန်ရှိသူများက အမှာစကားပြောကြားပြီး စိန့်စကြာ သမဝါယမအသင်းဥက္ကဋ္ဌ ဦးဝင်းထူးက တိုင်းရင်းသားရိုးရာ အဝတ်အထည်များ၊ လက်မှုအနုပညာ အမှတ်တရပစ္စည်းများနှင့် ချည်ထည် အမျိုးမျိုး တိုးချဲ့ ထုတ်လုပ်ခြင်းများကို ရှင်းလင်းတင်ပြပြီး**(ဝဲပုံ)** အသင်း၏ အမှုဆောင် အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများအား တက်ရောက်လာကြသူများက အတည်ပြုဆွေးနွေးကြကြောင်း သိရသည်။

**(က-ပ)**





**ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံ ပညာအဆင့်အသက် (၁၀-၁၅) နှစ် အမျိုးသမီး ဓမ္မပူဇာတေး "တေဇသုနေမ"အဆို ပြိုင်ပွဲတွင် ရန်ကုန် တိုင်းမှ မဖြူခင်သူ (ခ) မစပါယ်ဖြူ သိန်း ပါဝင်သီဆို ယှဉ်ပြိုင်နေစဉ်။**

(က-ပ)

# မဟာသကျမုနိရုပ်ပွားတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ကြီး အထူးတရားပွဲဖိတ်ကြားလွှာ

**'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား' ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယှဉ်မြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။**

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာနာကြားရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍-ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

| ဟောကြားမည့်ဆရာတော်ကြီးများ | ဟောကြားမည့်နေ့ရက် |
|---|---|
| စစ်ကိုင်းတောင်ရိုး၊ သဒ္ဓမ္မသီတဂူချောင်၊ ဓမ္မကထိက ဗဟုဇန ဟိတရေ၊ သီတဂူကြယ်တစ်ပွင့်၊ အရှင်ပညာနန္ဒ | ၁၃၆၆ ခု သီတင်းကျွတ်လပြည့် ကြာသပတေးနေ့ (၂၈-၁၀-၂၀၀၄) |
| တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက-အဂ္ဂမဟာအကျော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယော)ဆရာတော် | ၁၃၆၆ ခု သီတင်းကျွတ်လပြည့်ကျော်(၁)ရက် သောကြာနေ့ (၂၉-၁၀-၂၀၀၄) |
| အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ (မုံလယ်ဆရာတော်) | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၂)ရက် စနေနေ့(၃၀-၁၀-၂၀၀၄) |
| တိပိဋက ပါဠိပါရဂူ၊ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ (ဒဂုံမြို့သစ်တောင်ပိုင်း၊ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံစာသင်တိုက်ကြီး၏ပဓာနနာယက) ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၃)ရက် တနင်္ဂနွေနေ့ (၃၁-၁၀-၂၀၀၄) |
| ဘဒ္ဒန္တ ကောသလ္လ (မုဒုံဆရာတော်) | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၄)ရက် တနင်္လာနေ့ (၁-၁၁-၂၀၀၄) |
| ပထမကျော် - ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၅)ရက် အင်္ဂါနေ့ (၂-၁၁-၂၀၀၄) |
| ဓမ္မကထိက ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ - ဓမ္မဒူတ အရှင်ဆေကိန္ဒ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ မဟာပဋ္ဌိပတ္တိဌာန၊ ကထိက) | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၆)ရက် ဗုဒ္ဓဟူးနေ့ (၃-၁၁-၂၀၀၄) |
| စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ၊ မဟာဓမ္မကထိက ဗဟုဇနဟိတရေ၊ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt) | ၁၃၆၆ခု သီတင်းကျွတ်လပြည့်ကျော်(၇)ရက် ကြာသပတေးနေ့ (၄-၁၁-၂၀၀၄) |

**အထူးတရားပွဲအစီအစဉ်**

**ကျင်းပမည့်နေ့ရက်**

၁၃၆၆ ခု သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော်(၇)ရက်နေ့ ၂၀၀၄ခုနှစ် အောက်တိုဘာ(၂၈)ရက်နေ့မှ နိုဝင်ဘာ(၄)ရက်နေ့ထိ

**ကျင်းပမည့်နေရာ**

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိ တန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊

**ကျင်းပမည့်အချိန်**

ညစဉ်(၇)နာရီ



**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံ ကျင်းပသည့် အသက်၁၈နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ် ပြိုင်ပွဲအတွက် ပံ့ပိုး ကူညီ ပေးသော စီးပွားရေးလုပ်ငန်းရှင် တစ်ဦးအား မြန်မာ နိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ် ကျော်ဝင်းက ဂုဏ်ပြု လက်မှတ် ပေးအပ်စဉ်။ (သတင်းစဉ်)**

# အသက် ၁၈ နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်လက်ခံကျင်းပသည့် အသက် ၁၈နှစ်အောက် ကမ္ဘာ့လူငယ် တင်းနစ်ပြိုင်ပွဲ (1st Myanmar Junior World Ramking Tennis Tournament Grade-5) ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ည ၇နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပသည်။**

**တက်ရောက်**

ဂုဏ်ပြုညစာစားပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယကဗိုလ်ချုပ်ကျော်ဝင်း၊ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ ညွှန်ကြားရေးမှူး (သတင်း) ဦးဝင်းတင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.) နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဦးဆောင်နာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှဥက္ကဋ္ဌများ၊ အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာနိုင်ငံခြားသံရုံးများမှတာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာနယ်ဇင်းများမှပုဂ္ဂိုလ်များ၊ အသက် ၁၈ နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသည့် ဩစတြေးလျ၊ တရုတ်တိုင်ပေ၊ အင်္ဂလန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှား၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ အမေရိကန်၊ ကနေဒါနှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ အုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။

**လက်ဆောင်ပေးအပ်**

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယကဗိုလ်ချုပ်ကျော်ဝင်းက အသက် ၁၈နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ ကျင်းပရေးအတွက် ပံ့ပိုးကူညီကြသော စီးပွားရေးလုပ်ငန်းရှင်များအား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd.)က Tournament Referee, Mr. Punnet Gupta အား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## အဘိဓမ္မာအခါတော်နေ့ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံကြီးတွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၂၈ရက် မွန်းတည့်၁၂ နာရီမှစ၍ ရန်အောင်မြင် အကျိုးတော်ဆောင်များနှင့် နာယက ဣန္ဒိတံဆရာတင် ခေါင်းဆောင်သော ဝတ်အဖွဲ့ပူးပေါင်းပြီး နှစ်တိုင်းနှင့်မတူ တစ်မူထူးခြားစွာ အဘိဓမ္မာအခါတော်နေ့အကြောင်း ရွတ်ပွားပူဇော်ကြမည်ဟု သိရသည်။ **(က-ပ)**

## သာသနာ့ဗိမာန်ရိပ်သာ(အင်းစိန်)သို့ အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာသို့ အမှတ် ၃၀ (အေးရပ်မွန်ခြံ) သံလမ်း(၇)ရပ်ကွက် လှိုင်မြို့နယ်နေ ယောဂီထိန်း ဒေါ်တင်အေး သားသမီးမြေးတစ်စုက သိမ်တော်ကြီးအောက်ထပ်တွင် တပ်ဆင်ရန်အတွက် လေအေးစက်တစ်လုံး၊ အလှူမီနီယံ တံခါးမကြီးတစ်ခုနှင့် အုတ်တံတိုင်း တစ်ခန်းတို့အတွက် အလှူတော်ငွေကျပ် ၄၅၀၀၀၀ ကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါယာမပုဓ(အစိုးရဓမ္မာစရိယ မဟာကမ္မဋ္ဌာနာစရိယ)ထံ လှူဒါန်းရာ သာသနာ့နုဂ္ဂဟအဖွဲ့က လက်ခံယူကြောင်း သိရသည်။ **(က-ပ)**

**ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့ကို အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ဒဂုံမြို့နယ်တွင် အောက်တိုဘာ ၂၃ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ကြီးကြပ်၍ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)**

## ရေကျော်ဝတ်ကျောင်း ဆွမ်းသိမ်းအောင်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၆**

ပုဇွန်တောင်မြို့နယ် ရေကျော်ဝတ်ကျောင်း စတုဒိသာသံဃဒါန ဆွမ်းလောင်းအသင်းဓမ္မာရုံ(၅၄)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲနှင့်ပဋ္ဌမအကြိမ်မြောက် စာအောင်သံဃာဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၆ရက်(စနေနေ့) နံနက် ၉နာရီခွဲတွင်ပြုလုပ်၍ မြို့နယ်စာအောင်သံဃာ၁၆ပါးနှင့်သြဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အလှူရှင်များ အသင်းဓမ္မာရုံသို့ ဆက်သွယ်လှူဒါန်းကြရန်နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)**
**၂၇-၁၀-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ(ပထမပိုင်း)
၈:၀၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၂၀ ၆။ တေးသရုပ်ဖော်အစီအစဉ်
၈:၂၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ်ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) [အထက-၄၊တာမွေ] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ ဂီတမဟာပျော်စရာ
၁၇:၄၅ ၈။ ဝါကျွတ်တေးများ
၁၈:၀၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၁၀ ၁၀။ Discovery
၁၈:၁၅ ၁၁။ ကျောက်ဆည်မြို့ ဆင်လှူပွဲတော်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉:၂၀ ၁၅။ ဓမ္မပူဇာတေးအစီအစဉ်
၁၉:၃၅ ၁၆။ ဆင်နွဲ့တူပျော် မကွေးမြသလွန်ဘုရားပွဲတော်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
၂၁။ ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ်အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

# ပြည်နယ်၊တိုင်း ဘီလီယက်နှင့်စနူကာပြိုင်ပွဲယှဉ်ပြိုင်နိုင်

**ရန်ကုန် အောက်တိုဘာ ၂၆**

အားကစားနှင့်ကာယပညာ ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်က ကျင်းပမည့် စတုတ္ထအကြိမ် ပြည်နယ်နှင့်တိုင်း ဘီလီယက်နှင့် စနူကာပြိုင်ပွဲကို ရန်ကုန်မြို့ Asia Plaza ဘီလီယက်စင်တာ၊ လမ်းမတော် သံဈေး ဘီလီယက်စင်တာနှင့် Dagon Centre (မြေနီကုန်း) တို့တွင် နိုဝင်ဘာ ၂၁ရက်မှ ၂၇ ရက်အထိကျင်းပမည်ဖြစ်သည်။

ထိုပြိုင်ပွဲတွင် တစ်ဦးချင်း ဘီလီယက်ပြိုင်ပွဲ၊ အသင်းလိုက် ဘီလီယက်ပြိုင်ပွဲ၊ တစ်ဦးချင်း စနူကာပြိုင်ပွဲနှင့် အသင်းလိုက် စနူကာပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်းနှင့် ပြည်နယ်၊ တိုင်းတစ်ခုလျှင်ဘီလီယက် တစ်ဦးချင်းအတွက် နှစ်ဦး၊ စနူကာတစ်ဦးချင်းအတွက် နှစ်ဦး၊ အသင်းလိုက် ဘီလီယက်အတွက် လေးဦးနှင့်အသင်းလိုက် စနူကာပြိုင်ပွဲအတွက်လေးဦးပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်ဟု သိရသည်။

အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲများတွင် တစ်ဦးချင်း ပထမဆုရရှိခဲ့ဖူးသူများနှင့် အငယ်တန်းပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့ဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်မဟုတ်ကြောင်းနှင့် ပြိုင်ပွဲဝင်မည့် ပြည်နယ်နှင့်တိုင်း အသင်းများသည် နိုဝင်ဘာ၁၉ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်သို့ စာရင်းပေးပို့ရမည်ဖြစ်ပြီး Manager Meeting အစည်းအဝေးကို နိုဝင်ဘာ၂၀ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**


သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၂၆ဘီ/ဘီ^၁)၊ပဋ္ဌမတန်းမြေကွက်၊ မြေကွက်အမှတ် ၄၉/၅၀၊ မြေချိန်ဧရိယာပေ၅၀ xပေ၅၀၊ ဝဒသမဝ၅၈ကေပေါ်တွင် အမှတ်၂၇၄/၂၇၆၊ ရှစ်ထပ်တိုက်ဟုခေါ်တွင်သော အလျား၁၅ပေ x အနံပေ၅၀ရှိ အခန်းအမှတ် A1၊ မြေညီလွှာတိုက်ခန်းအား ဦးမောင်မောင်ကျော်၏ ကိုယ်စားလှယ်လွှဲစာအမှတ်၂၆၂/၂၀၀၄ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးမြင့်သိန်းထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူ၍ ၁၉–၁၀–၂၀၀၄ရက်က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ A1မြေညီလွှာတိုက်ခန်းအပေါ် ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းများယူဆောင်ပြီး ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမြင့်သန်း တရားရုံးချုပ်ရှေ့နေ–၃၄၂၉**
**၃/၈၃၊ ဗဟိုလမ်း/ခိုင်ရွှေဝါလမ်း၊ ကမာရွတ်မြို့နယ်။**


## JOB OPPORTUNITY (LOCAL SERVICE ONLY)

We are seeking for a Smart, Energetic and Self-motivated candidate for one **"Medical Product Specialist"** post in Yangon. The interested candidate can apply along with your resume and a recent passport size photograph within 10 days from this advertisement at the below mentioned address

**MINIMUM REQUIREMENTS**

1. Qualification: M.B.,B.S Graduate
2. Female
3. Fluency in Spoken and Written English
4. Willing to travel
5. Past experience is desirable but not necessary as on job training will be provided

**Address:2.E, Dagon Tower, Shwe Gone Dine, Bahan Tsp, Yangon. Ph:558479**

Salary will be in Kyats and not a constraint for deserving candidates.

Please attach a copy of registration certificate will Labor Department.



ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

မြဂိုဏ်ညို
သီတင်းကျွတ်ပျော်ရွှင်ပွဲတော်
the Ants Acid
Examplez
28.10.2004 (Thursday) 6:00pm

ဦးအောင်ဟိန်းကျော်
Nov: 1/6
IELTS, TOEFL, Translation
အင်္ဂလိပ်စကားပြော
အင်္ဂလိပ်စာရေးနည်း

မြန်ကြားရေးဝန်ကြီးဌာန
MIN KYAW MIN'S
SPOKEN ENGLISH CLASS
သင်တန်းကို ၁–၁၁–၂၀၀၄ ရက်တွင်စမည်။
9.00 am to 11.30
Multi-media style audio-visual aid
THE NEW LIGHT OF MYANMAR

12 Ladies Show
ယာဝရလက်ဆောင် (၂)
Emperor
Lynn
Kenosis
TAPE, CD,
ထွက်ပြီ






B.A(Eng)
SUPER-A-ONE
Interview
Tourism,Hotel,Company, Student Visa ,Grammar.
511231

'ရွှေ' ပညာသင်တန်း
Marketing
546800 Ext : 310


## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ မဟာမြိုင်ဝန်ထမ်းအိမ်ရာမှ အောက်ဖော်ပြပါအခန်းအား တိုက်ခန်းပိုင်ရှင်မှ တိုက်ခန်းလွှဲပြောင်းလွှာမူရင်းနှင့် တိုက်ခန်းသဘောတူညီချက်စာချုပ် ပျောက်ဆုံး၍ အသစ်ပြန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကုမ္ပဏီမှ မူရင်းအား ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ သက်ဆိုင်သူများ ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | အခန်းအမှတ် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| 1. | 15.C°5 | ဦးတင်လင်း | MMU-066432 |

**အမှတ် ၃၅၅၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်။**


အချစ်များစွာအတွက် အမုန်းများစွာအတွက် ပြီးတော့ ...
အနမ်းများစွာအတွက်
Examplez
S.P X-Rays Chronic
တိတ်ရွှေ သီချင်းစာအုပ် ထွက်ပြီ



# ညောင်လေးပင်မြို့တွင် သုတရိပ်မြုံစာကြည့်တိုက်ဖွင့်

ညောင်လေးပင် အောက်တိုဘာ ၂၂

**ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်စံပြကျေးရွာ သုတရိပ်မြုံစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိမ်းဋ္ဌေးနှင့် ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာထောက်(၃)ဦးရဲ၀င်းက ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**လှူဒါန်း**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သုတ၊ ရသ စာပေမဂ္ဂဇင်း ၅၇အုပ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော မဂ္ဂဇင်းစာအုပ် ၅၀နှင့် စာအုပ်မျိုးစုံ ၃၀တို့ကို မြို့နယ် ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းကြသည်။ (၁၃၄)

# မော်လမြိုင်ကျွန်းမြို့နယ်တွင်မနော်သုခ မိုးစပါးစံကွက်စုပေါင်းရိတ်သိမ်း

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၄**

မော်လမြိုင်ကျွန်းမြို့နယ် နတ်မှူးကျေးရွာအုပ်စု နတ်မှူးရွာမကျေးရွာ တောင်သူလယ်သမား ဦးသန်း၀င်း၏ ကွင်းအမှတ် ၁၃၅၁၊ ဦးပိုင်အမှတ် ၉/၂ ရှိ မနော်သုခ မိုးစပါးတစ်ဧကစံကွက်စုပေါင်း ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက နတ်မှူးရွာမကျေးရွာ၌ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့်အဖွဲ့၀င်များ၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးစသန်းမောင်နှင့်၀န်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူးဦးအေးမြင့်နှင့် ၀န်ထမ်းများကတစ်ဧကစံကွက်ရိတ်သိမ်းမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**(အောက်ပုံ) (၀၉၇)**

# ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



**ကျုံပျော်မြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့တွင် အောက်တိုဘာ ၁၀ ရက်က ရေမြောင်းတူးဖော်ခြင်းနှင့် မြက်ပင်ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၀င်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၀န်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၀န်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့၀င်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့၀င်များနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



# အမြို့မြို့ အနယ်နယ် သတင်းများ

**ကျောင်းကုန်းမြို့ မြို့မ အခြေခံပညာမူလတန်းကျောင်း ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦး၀င်းမောင်က ပထမတန်းတွင် သချာ်ထူးချွန် ပထမဆုရ မပြုံးမိုမိုကျော်အား ဆုချီးမြှင့်စဉ်။** (က–ပ)

# ဆိပ်ဖြူမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ

## ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဆိပ်ဖြူ အောက်တိုဘာ ၈**

ဆိပ်ဖြူမြို့နယ်ဥက္ကဋ္ဌဖလား အသက်(၂၃)နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို အောက်တိုဘာ ၃ ရက်က မြို့နယ်အားကစားကွင်းတွင် ယောဝရပ်ကွက်အသင်းနှင့် အောက်ဆိပ်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ယောဝရပ်ကွက်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရသော ယောဝရပ်ကွက်အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးရဲလှက ဆုဖလားနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**




**အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်ဆိုင်းဘုတ်အနီးမြေခင်း အလှပြုပြင်ခြင်းလုပ်ငန်းအဖြစ်ပန်းအလှပင်များ အကွက်ဖော်စိုက်ပျိုးခြင်းနှင့်မြက်အလှစိုက်ပျိုးခြင်းတို့ကို အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် တာ၀န်ခံအင်ဂျင်နီယာဦးနိုင်၀င်းလတ်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (၃၁၃)

# ချောက်မြို့တွင် စေတနာညကျောင်းဖွင့်လှစ်

**ချောက် အောက်တိုဘာ ၁၅**

ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင် ဖွင့်လှစ်သော စေတနာညကျောင်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၅ရက်က အမှတ်(၁၁) နယ်မြေ ဗဟိုကွက်သစ် မူလတန်းကျောင်းတွင် ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ်ပညာရေးမှူး ဦးကျော်တင့်ရီတို့က အမှာစကားပြောကြားပြီး ၂၀၀၃–၂၀၀၄ ခု ပညာသင်နှစ်တွင် စေတနာညကျောင်းမှ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် သင်ကြားပြသခဲ့သော ဆရာဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

**(မြို့နယ်ပြန်/ဆက်)**





**အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကပန်းအလှပင်များနှင့် အရိပ်ရပင်များရှင်သန်ကြီးထွားရေးအတွက် အဖွဲ့၀န်ထမ်းများက ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် မြေဆွေးထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို အောက်တိုဘာ ၁၉ ရက်က အမှုဆောင်အရာရှိ ဦး၀င်းဆွေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

**အောက်တိုဘာ ၃ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦး ၀င်း ဖေ နှင့် မြန်မာ့ လျှပ်စစ်ဓာတ် အား လုပ်ငန်း မြို့နယ် လျှပ်စစ် အင်ဂျင်နီယာ ဦးကြည်ထွန်း တို့ ဦး ဆောင် ၍ မြို့သာယာလှပရေးအတွက် လမ်းမီးတိုင်များတွင် မီးချောင်းများပြောင်းလဲ တတ်ဆင်ပေးကြစဉ်။** (၀၄၈)



# မြင်းခြံမြို့နယ်တွင် ဘုန်းမြတ်ရွှေစင် စာကြည့်တိုက်ဖွင့်

**မြင်းခြံ အောက်တိုဘာ ၁၈**

မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာအုပ်စု ဘုန်းမြတ်ရွှေစင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစန်းအောင်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးအောင်ဇံနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၄၀၂)**

27-10 (15).p65 1 24.03.1905, 5:23 PM

တိုက်အမှတ်၂၅၆ အခန်း(၄) ၂ရပ်ကွက် အရှေ့ရန်ကင်းနေ ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်ညွန့်(ငြိမ်း)က အလှူငွေကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ(ဒေါ်ရွှေဇီးကွက်)က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



# အခြေခံကွန်ပျူတာထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲ ရေးမြို့နယ် ထွေ/အုပ်ဦးစီးဌာနတွင် ကျင်းပ

**ရေး အောက်တိုဘာ ၂၃**

ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အခြေခံကွန်ပျူတာထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ရဲဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဗိုလ်မှူးချုပ် ရဲဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဦးကျော်ဇင်ဦးက သင်တန်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ **(၁၆၈)**

အောက်တိုဘာ ၂၀ ရက်က မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီ ပရိဝုဏ် ဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် မုဒုံမြို့ မြို့မ(၄) ရပ်ကွက် ဦးစံညွန့် - ဒေါ်စုစု မိသားစုက ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင် ဝင်း က လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)



# အမြို့မြို့ အနယ်နယ် သတင်းများ

# မော်လမြိုင်စာသင်တိုက်ကြီးများသို့ အာဂုံဆောင်ဇာတ်စာအုပ်များ လှူဒါန်း

**မော်လမြိုင် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်စန္ဒဇောတိ (ပါဠိပါရဂူ) ပိဋကတ်တစ်ပုံဆောင် အရှင်မြတ်ရေးသားသော အာဂုံဆောင် ငယ်ဇာတ်၊ အာဂုံဆောင်လတ်ဇာတ်နှင့် အာဂုံဆောင် ကြီးဇာတ်အပါအဝင် အစိုးရပါဠိပထမပြန်စာမေးပွဲပြဋ္ဌာန်း ကျမ်းစာအုပ်များကို အောက်တိုဘာ၂၀ရက်က မော်လမြိုင်မြို့ရှိ စာသင်တိုက်ကြီးများသို့ ပေးပို့လှူဒါန်းရာ စာသင်တိုက် ပဓာန နာယက ဆရာတော်များကိုယ်စား မော်လမြိုင်မြို့ အောင်မင်္ဂလာ ကျောင်းဆရာတော် ဦးဝါယာမက လက်ခံယူကြောင်း သိရသည်။ **(က-ပ)**



**စက်တင်ဘာ ၂၄ရက်က တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော တောင်ငူတက္ကသိုလ်လမ်းမကြီးပေါ်ရှိ သစ်သားတံတား အမှတ် ၁/၂ တိုးချဲ့ပြင်ဆင်မှုအား အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မေမြတ်စိုးတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)

**မြစ်ကြီးနားမြို့နယ် မြို့တွင်းကတ္တရာလမ်းများ ကောင်းမွန်ရေးအတွက် အောက်တိုဘာ ၇ ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမြင့်ဆွေနှင့် ဝန်ထမ်းများ ရုံးကြီးလမ်းအား အဖွဲ့ပိုင် ကတ္တရာဖိစက်များဖြင့် လုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးအေးဆွေ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် စည်ပင်)



# စာဆိုတော်နေ့စာပေဟောပြောပွဲ ကျင်းပရေးညှိနှိုင်းဆွေးနွေး

**သီပေါ အောက်တိုဘာ ၁၀**

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်မြင့်က စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပရေး၊ ကျေးလက်ဒေသ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရေးနှင့် စာအုပ်များလှူဒါန်းရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပရန် စာရေးဆရာများ ဖိတ်ကြားရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ **(၁၀၆)**



**အောက်တိုဘာ ၁၅ ရက်က ပေါင်မြို့နယ် စည်ပင် သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်လှ၊ တာဝန်ခံ အင်ဂျင်နီယာ ဦးအေးမင်း နှင့် ဝန်ထမ်းများ ရန်ကုန်-မုတ္တမ ကားလမ်းဘေး ဝဲယာ တစ် လျှောက် ပန်းဥယျာဉ်ငယ်များတွင် ပန်း အလှပင်များ စုပေါင်း စိုက်ပျိုးကြစဉ်။** (၂၆၀)

**အောက်တိုဘာ ၅ရက်က မြဝတီမြို့ ဘုရင့်နောင်လမ်းမကြီး တစ်လျှောက်ရှိ သဲ၊ မြေကြီးများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်ပြည်သူများ ပူးပေါင်းရှင်းလင်းမှုကိုအမှုဆောင် အရာရှိ ဦးခင်မောင်သန်းက ကြီးကြပ် ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)





# တံတားဦးမြို့တွင် မြဝတီစာကြည့်တိုက်ဖွင့်လှစ်

**တံတားဦး အောက်တိုဘာ ၂၀**

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဟံသာဝတီကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး မြဝတီစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၁ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်နှင့် ဟံသာဝတီ ကျေးရွာဥက္ကဋ္ဌဦးမြင့်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

**ရည်ရွယ်ချက်များရှင်း**

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သူက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က စာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ

**၂၈-၁၀-၂၀၀၄ (ကြာသပတေးနေ့) နံနက်ပိုင်း**

| | |
|---|---|
| ၀၇:၀၀ | တရားတော်(အဘိဓမ္မာအခါတော်နေ့ တရားတော်) |
| - | ဥပုသ်နေ့ နှိုးဆော်ချက် |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၀၉:၀၀ | နဝင်္ဂဥပေါသထသီလပေး တရားတော် (ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ) |
| ၀၉:၃၅ | ဟောပြောချက် (ဝါလကင်းလွတ်သီတင်းကျွတ်) |
| ၁၁:၁၅ | နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (မြန်မာ့ခရီးသွားလုပ်ငန်းမှ ပို့ဆောင်ပေးသောခရီးစဉ်များ) |
| ၁၁:၃၅ | စာအုပ်စာပေလူ့မိတ်ဆွေ (၁)စိတ်အားဖြည့် ဓမ္မပဒ- အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) (၂)သစ်ပင်ငယ်တစ်ပင်ဖူးပွင့်ခြင်း နှင့် အခြားကဗျာများ (မြသန်းလင်း) |
| ၁၂:၀၀ | သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာမြေအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး-ပထမပိုင်း-မောင်ဆုရှင်) |
| ၁၂:၃၀ | ခံတွင်းမြိန်စရာသူ့လက်ရာ (အာလူးထမင်းချဉ်) |

**ညနေပိုင်း**

| | |
|---|---|
| ၁၆:၀၀ | ဆဌသင်္ဂါယနာတင်ပွဲတော်၌ မင်းကွန်းဆရာတော်ကြီး ဖြေကြားတော်မူခဲ့သည့်မူလပရိယာယဇာတက သုတ္တန်ဆဌသင်္ဂါယနာ |
| ၁၆:၃၀ | နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ |
| ၁၇:၀၀ | တပ်မတော်စာတိုက် |
| ၁၇:၁၅ | သုတရေးရာဖြေကြားလွှာ |
| ၁၈:၁၅ | သုခ၏ မင်္ဂလသုတ်အဖွင့် (အပိုင်း-၁၈) |
| ၁၉:၁၅ | မြတ်ဘုရားရွှေတိဂုံ(ပထမပိုင်း) |
| ၂၀:၃၀ | မြတ်ဘုရားရွှေတိဂုံ(ဒုတိယပိုင်း) |
| - | အရပ်(၁၀)မျက်နှာ မေတ္တာဘာဝနာတရားတော် |











## ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းကို ၂၀၀၅ခုနှစ် ဇွန်လအတွင်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (၁/၁၉၊ သခင်မြ ပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့) ၌ ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ရက်သတ္တပတ် ၄၀ ဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါ မြန်မာနိုင်ငံသားများ သင်တန်းတက်ခွင့်ရှိပါသည်။

(က) တက္ကသိုလ်ဘွဲ့ရ ဝါဏိဇ္ဇဝိဇ္ဇာ (စာရင်းနှင့်စာရင်းစစ်မှအပ)

(ခ) မှတ်ပုံတင်စာရင်းကိုင် (ပထမပိုင်း) အောင်မြင်ပြီးသူများ

၃။ သင်တန်းတက်လိုသူသည် ပြဋ္ဌာန်းထားသည့် လျှောက်လွှာပုံစံ (မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် တစ်စောင်လျှင် ကျပ် ၂၀နှုန်းဖြင့် ဝယ်ယူနိုင်သည်။) ဖြင့် အောက်ပါတို့ကိုပူးတွဲလျက် အတွင်းရေးမှူး၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေး ကော်မတီထံ ၂-၁၁-၂၀၀၄ ရက်မှစတင်ကာ ၂-၁၂-၂၀၀၄ရက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

(က) သင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ် ၃၀၀ကို မြန်မာနိုင်ငံ စာရင်းကောင်စီသို့ ပေးသွင်းသည့် ငွေရပြေစာမူရင်း၊

(ခ) အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ် (မူရင်းနှင့် မိတ္တူ)၊

(ဂ) ဘွဲ့လက်မှတ်၊ မှတ်ပုံတင်စာရင်းကိုင်(ပထမပိုင်း) အောင်လက်မှတ် (မူရင်းနှင့် မိတ္တူ)၊

(ဃ) လိုင်စင်ဓာတ်ပုံနှစ်ပုံ၊

(င) အမျိုးသားမှတ်ပုံတင်/နိုင်ငံသား စိစစ်ရေးကတ်ပြား ပြသလျက် ကိုယ်တိုင်လာရောက် အပ်နှံရမည်။

၄။ သင်တန်းဝင်ခွင့်စာမေးပွဲကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလအတွင်း ပြုလုပ်၍ သင်တန်းတက်ခွင့် ရသူများကို ရွေးချယ်ပါမည်။

၅။ သတ်မှတ်ရက်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများ၊ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများနှင့် စပ်လျဉ်း၍ သင်တန်းဝင်ခွင့်စာမေးပွဲကို ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

**တင်လိုင် အတွင်းရေးမှူး**
**စာရင်းကိုင်အလုပ်သင်နှင့်သင်တန်းကြီးကြပ်ရေးကော်မတီ ။**

## ခိန်ဂေဟာ Super Centre ကို

ရန်ကုန်မြို့၏ အချက်အချာတွင်
၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၇ ရက်တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက်
လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်
လုပ်ငန်းများ အစဉ်တိုးတက်အောင်မြင်၍
ဥစ္စာခနေ တိုးပွားနိုင်ပါစေဟု
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Infinity Investment Co., Ltd.**
**&**
**Infinitimarketing Enterprise**

## Orange Super Market ကို

ရန်ကုန်မြို့၏အချက်အချာတွင်
၂၀၀၄ခုနှစ် အောက်တိုဘာလ ၂၃ရက်တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက်
လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်
လုပ်ငန်းများအစဉ်တိုးတက်အောင်မြင်၍
ဥစ္စာခနေတိုးပွားနိုင်ပါစေဟု
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Infinity Investment Co., Ltd. &**
**Infinitimarketing Enterprise**








## ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ် အမှတ် ၁ယ/၆၅၂၃၆(စုဇူကီး)လက်ဝယ်ရှိသူ မော်တော်ယာဉ် မှတ်ပုံတင် စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်းဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ) ။**















ဖူးပွင့်စ ပျဉ်းမပင်မှ ရွှေကျင်လှေပွဲ၊ ကပွဲယှဉ်ပြိုင်ပွဲ ဤသို့ကပြဆင်နွှဲခဲ့ကြသည်။ ဓာတ်ပုံမှတ်တမ်း-အောင်မိုး

# ရွှေကျင်ချောင်းရေပြင်ကျယ်မှာ သီတင်းကျွတ်လပြည့်နေ့ညဥ့်ကျင်းပမြဲဖြစ်သည့်

## သီတင်းကျွတ်ဆီမီးမျှောပူဇော်ပွဲ

သတင်းဆောင်းပါး-ကျော်မြင့်သန်း(လမ်းမတော်)
ဓာတ်ပုံမှတ်တမ်း-အောင်မိုးနှင့်ငွေစိုးဟန်

ရန်ကုန် အောက်တိုဘာ ၂၆

ယမန်နှစ်သွားခဲ့ရသည့် ရန်ကုန်နှင့်အလှမ်းမဝေးသော ရွှေကျင်မြို့နယ်လေး၏မြင်ကွင်း ရိုးရာအလှဆီမီးပူဇော်ပွဲကို တင်ပြပါရစေ။

ဇာတိဒေသ မွေးရပ်မြေကို လွမ်းတတ်၊ မမေ့တတ်သော ရွှေကျင်သူ ရွှေကျင်သားများ၏ ရိုးရာဓလေ့ထုံးစံကို ထိန်းသိမ်းထားတတ်ရုံသာမက သွားသည့်လမ်းက သာပါဘိ။ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ရွှေကျင်-မဒေါက် စစ်တောင်းမြစ်ဖြတ်ကူးတံတားသစ်ကြီး၏ခံ့ညားမှုက ဂုဏ်ယူစရာ၊ လမ်းဖြတ်တံတားငယ်လေးများကလည်း မနှစ်က စာရေးသူတို့သွားရောက်စဥ်က တည်ဆောက်ဆဲ။ ယခုနှစ်ကားလမ်းကအစ ပြီးစီးနေပေပြီ။

### ဖြောင့်ဖြူးလှပ

ရွှေကျင်မြို့သည် ပဲခူးတိုင်းအတွင်းတည်ရှိပြီး ရန်ကုန်မြို့နှင့် ၁၁၂ မိုင်မျှသာကွာဝေးသည်။ ရန်ကုန်-မန္တလေးကားလမ်းသစ်ကြီးက ဖြောင့်ဖြူးသပ်ရပ်လှပနေ၏။ ကတ္တရာလမ်းမကြီးက ဖြောင့်ဖြူးနေ၏။ ကားကောင်းလျှင် လမ်းကောင်းသဖြင့် မြန်မြန်ခရီးရောက်ပေမည်။

စာမျက်နှာ ၇ ကော်လံ ၂ ■



နေဝင်စ တိမ်တောက်ချိန် ရွှေကျင်ချောင်းရေပြင်အလှကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-ငွေစိုးဟန်

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ ၁၃ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၂၆

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ၁၃ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ယနေ့ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်များအနေဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲလျက်ရှိကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးသူများကလည်း ပြိုင်ပွဲများကျင်းပရာသို့ တစ်ခဲနက်လာရောက်နားသောတဆင် ကြည့်ရှုအားပေးကြသည်။**

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌လည်းကောင်း၊ အရေးပြိုင်ပွဲ၏ သီချင်းသီဆိုပြိုင်ပွဲဝင်ခြင်းကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇ ဇာတ်ရုံ၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ အိုးစည်အတီးပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း အသီးသီးကျင်းပကြသည်။

ယနေ့ကျင်းပသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ

စာမျက်နှာ ၈ ကော်လံ ၁ ●

# အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ မြန်မာနိုင်ငံ၌လက်ခံကျင်းပမည် မြန်မာ့လက်ရွေးစင်များအောင်မြင်မှုရရှိရေး ပြင်ဆင်လေ့ကျင့်လျက်ရှိ

သတင်းဆောင်းပါး-ကိုထွေး



**မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားမယ် ခိုင်ခိုင်မော်အား တရုတ်နည်းပြဆရာက ဤသို့ ကြီးကြပ်သင်ကြားပြသပေးလျက်ရှိသည်။**
(မြန်မာ့အလင်း)

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၀၄ခုနှစ် (၆)ကြိမ်မြောက် အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများ အပြင်းအထန် ပြင်ဆင်လေ့ကျင့်လျက်ရှိကြသည်။

အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို လေးနှစ်လျှင်တစ်ကြိမ်ကျင်းပလာခဲ့ရာ ပထမအကြိမ်ပြိုင်ပွဲကို ၁၉၈၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌လည်းကောင်း၊ ဒုတိယအကြိမ်ပြိုင်ပွဲကို ၁၉၈၈ခုနှစ်တွင် ဟောင်ကောင်၌လည်းကောင်း၊တတိယအကြိမ်ပြိုင်ပွဲကို ၁၉၉၂ခုနှစ် တောင်ကိုရီးယားနိုင်ငံ၌လည်းကောင်း၊စတုတ္ထအကြိမ်ပြိုင်ပွဲကို ၁၉၉၆ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌လည်းကောင်း၊ပဉ္စမအကြိမ်ပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ်တွင် ဗီယက်နမ်နိုင်ငံ၌လည်းကောင်း ကျင်းပခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၂ ▼

# ကမ္ဘာတစ်လွှားထူးထူးခြားခြား



## ဘီစီငါးရာစုခန့်ကဒင်္ဂါးပြား

ဂရိနိုင်ငံမှ ရှာဖွေတွေ့ရှိခဲ့သော လွန်ခဲ့သည့် ဘီစီငါးရာစုခန့်က ဒင်္ဂါးပြားတစ်ခုကို စုဆောင်းသူတစ်ဦးက ပြသနေစဉ်။ **(ဝဲပုံ)**

အဆိုပါဒင်္ဂါးပြားကို ဂရိနိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ယခုအခါ ဘာလင်မြို့ရှိ ရှေးဟောင်းဒင်္ဂါးပြားများ စုဆောင်းရေးအဖွဲ့က ယခင်စုဆောင်းသိမ်းဆည်းထားခဲ့သော ဒင်္ဂါးပြားများနှင့်အတူ ပြပွဲလုပ်ပြီး ခင်းကျင်းပြသမည်ဖြစ်သည်။ ယင်းရှေးဟောင်းဒင်္ဂါးပြား စုဆောင်းအဖွဲ့လက်ဝယ်၌ ယခုအခါ ရှေးဟောင်းဒင်္ဂါးပြားငါးသိန်း ရှိနေပြီဖြစ်သည်။ **(အမ်အင်အေ၊ရိုက်တာ)**

## ဘီစီ၁၅ရာစုနှစ်က ရွှေဖား



လန်ဒန်မြို့ပြတိုက်တစ်ခု၌ ပြသထားသည့် ဘီစီ၁၅ရာစုနှစ်ခန့်က ရွှေနှင့်ကျောက်တို့ဖြင့် ပြုလုပ်ထားသော ဖားရုပ်တုကလေးကိုတွေ့ရစဉ်။**(ယာပုံ)**

အဆိုပါ ရွှေဖားရုပ်တုကလေးကို အီဂျစ်နိုင်ငံမှ ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ခန္ဓာကိုယ်မှာ ရွှေဖြင့်ပြုလုပ်ထားကာ မျက်စိတွင် မဟူရာနီကျောက်ကို ထည့်သွင်းပုံဖော်ထားသည်။ ရွှေဖားရုပ်တုကလေး၏ အရှည်မှာ ၁ ဒသမ ၂ စင်တီမီတာရှည်လျားပြီး ရှေးဟောင်း သုတေသနပညာရှင်များက ဘီစီ ၁၅ ရာစုနှစ်ခန့်က ရှေးဟောင်းပစ္စည်းဖြစ်ကြောင်း ပြောကြားသည်။ **(အမ်အင်အေ၊ရိုက်တာ)**